# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၂၂)


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မောင်တို့မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများပီသစွာ မိမိတို့တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇)မှ ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



### ဂါရဝပြုပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးက အမှတ်တရ လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။




# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇)မှ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❑ **မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးကြီးသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် မောင်းနှင်အားတစ်ရပ်လည်းဖြစ်**

❑ **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင်လည်း တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်**

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ သင်ယူနိုင်အောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုအခါ သင်တန်းဆင်း ဆရာ၊ ဆရာမ စုစုပေါင်း ၁၄၅၁၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မောင်တို့မယ်တို့အားလုံးသည်လည်း မကြာခင်ကာလအတွင်း သင်တန်းဆင်းပြီး ပညာရေးဝန်ထမ်း၊ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် သိသင့်သိထိုက်သည့် အချက်များနှင့် လိုက်နာရမည့်အချက်များကို မှာကြားလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်ပါက အားနည်းချက်ရှိခဲ့ခြင်းကြောင့် ဒေသအချို့တွင် ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျနေခြင်းကိုလည်း တွေ့မြင်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် **"နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ချမှတ်ပြီး ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

**လမ်းညွှန်ပေးကြရမည်**

ဆရာဆိုသည်မှာ လူသားအချင်းချင်း ချစ်မြတ်နိုးတတ်စေရန် လမ်းပြပေးသူ၊ တပည့်များ၏ဘဝနှင့် လောကကိုအလှဆင်ပေးသူ၊ သောကကိုဖြေဖျောက်ပေးသူများဖြစ်ကြသည့်အတွက် လူ့အဖွဲ့အစည်းခေါင်းဆောင်၊ ဒုတိယမိဘများဖြစ်သည်ဟု တင်စားသတ်မှတ်ကြကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် မိမိတို့တပည့်များကို စာကိုလည်းသင်ပြီး စိတ်ကိုလည်းပြင်ပေးကြရမည်၊ မိမိတို့တပည့်များကို လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ် ထားတတ်အောင်၊ အတ္တကိုယ်ကျိုးနှင့်ယှဉ်ပြီး ပရဟိတ အများအကျိုးဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် သင်ကြားဆုံးမပေးကြရမည်၊ **"ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"** ဆိုသည့် မြန်မာစိတ်ထားကို နှလုံးသားထဲ စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရမည်ဖြစ်ကြောင်း။

အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာ နားလည်နိုင်ကြရန်ကိုလည်း သွန်သင်ဆုံးမပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်သည် ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင်ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါခုနစ်ပါးဖြစ်သည့် ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေပါက အမုန်းခံ၍တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသောသဘောတရားကို ဟောကြား

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

- ❑ **တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီး၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေ**
- ❑ **ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလို**

*စာမျက်နှာ ၃ မှ*

ပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်း စသည့် ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်ကြောင်း၊ ထို့အပြင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာဆိုသည့် နာလေးနာဖြင့် တပည့်များကို ပညာပြည့်ဝ နှလုံးလှအောင် လေ့ကျင့်သင်ကြားပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

**အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်း**

ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသား ဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တ ဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလိုကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင်ရှိအပ်သည့် ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာများကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူဆည်းပူးနိုင်ရေးအတွက် မောင်တို့မယ်တို့က သက်ဆိုင်ရာ မိဘများ၊ ဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အချိန်မတိုင်မီ ကျောင်းထွက်မှုလျော့ပါးပြီး တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားစေရေး၊ တန်းစဉ်အလိုက် စာပေအတတ်ပညာများ တတ်မြောက်အောင် သင်ကြားပေးရေး၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်ပြီး ဉာဏ်ပညာနှင့်တည်ဆောက်တတ်သည့် လူငယ်များဖြစ်လာစေရေးတို့ကို ပြုစုပျိုးထောင်ပေးကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

**လေ့ကျင့်ပျိုးထောင်ပေး**

စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးလည်းဖြစ်ရန်လိုကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”**ဆိုသည့်အတိုင်း မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစည်းကမ်းလိုက်နာခြင်းမှအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**အတူတကွ ပူးပေါင်းဆောင်ရွက်**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးကြီးသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်မောင်းနှင်အားတစ်ရပ်လည်း ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင်လည်း တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်းတွင်နေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ရန်လိုသည်ကို တွေ့နိုင်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေကြောင်း၊ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားနှင့်သာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့ တိုင်းရင်းသားများသည် မြန်မာစိတ်မွေးပြီး **“ငါတို့အားလုံးသည် မြန်မာ (We are Myanmar)”** ဆိုသည့်စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သည့် အမျိုးသားစိတ်ဓာတ်များဖြင့် နိုင်ငံတော်အေးချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုသကဲ့သို့ ဒေသအသီးသီးက တပည့်ကျောင်းသားလူငယ်များကိုလည်း အကောင်းမြင်စိတ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်၊ စည်းလုံးညီညွတ်မှုစိတ်၊ ရိုင်းပင်းကူညီစိတ် စသည့်စိတ်ဓာတ်များ ရှင်သန်ဖြစ်ထွန်းနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုထိန်းသိမ်းကာကွယ်ရေးသည် ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ခြင်းကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွက် အသက်တမျှ အရေးကြီးသည့် **ပြည်ထောင်စုစိတ်ဓာတ်**ကို မောင်တို့မယ်တို့အနေဖြင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အတူတကွ ပညာသင်ကြရင်းဖြင့် ရင်ထဲတွင် စွဲမြဲခံယူကြပြီးဖြစ်သည်ဟုလည်း ယုံကြည်ကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများပီသစွာ မိမိတို့တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား **ပြည်ထောင်စုစိတ်ဓာတ်** ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**လက်တွဲပါဝင်ဆောင်ရွက်**

မောင်တို့မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် **“ဒို့တာဝန်အရေး (၃)ပါး”** ကို အခြေခံပြီး အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

**တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသည့် ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် လူတော်လူကောင်းများ ဖြစ်လာအောင်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

လေ့ကျင့်ပျိုးထောင်ပေးကြရန်၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင် ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန်၊ မိမိတို့နိုင်ငံအတွက် လိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး (၃)ပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မောင်တို့မယ်တို့အနေဖြင့် ပညာတတ်သည့်မျိုးဆက်နှင့် တိုးတက်သည့်နိုင်ငံတော်ကို ထူထောင်နိုင်ရေးတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပါစေဟု ဆုတောင်းမေတ္တာ ပို့သကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ကရင်တိုင်းရင်းသား စကျော်ဇေယျာဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၅ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)
တာဝန်မှအနားယူခွင့်ပြုခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါက်တာမာလာအောင် အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၆ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါ်ဥမ္မာအေး အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှုပေး



**နေပြည်တော် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိရာ ယနေ့တွင် (၃၅)ကြိမ်မြောက်အဖြစ် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။**(ဓာတ်ပုံ)**

ထို့ပြင် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများကလည်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြပြီး ရေသန့်၊ ကော်ဖီနှင့် အာဟာရမုန့်များ အခမဲ့တိုက်ကျွေးကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လူနာတစ်ဦးလျှင် ဆေးဝါးတစ်လစာ အခမဲ့ လစဉ်ထောက်ပံ့ပေးခြင်းအပြင် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အခြေခံစားသုံးကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇)မှ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ

ဇော်လင်း

**“နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးဟာ ပြည်ထောင်စုသားအားလုံးရဲ့ မွေးရာပါတာဝန်ဖြစ်တာကြောင့် နိုင်ငံသူနိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြဖို့ လိုတယ်။ တို့နိုင်ငံအတွက် အသက်တမျှအရေးကြီးတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို မောင်တို့မယ်တို့က အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ အတူတကွ ပညာသင်ကြားရင်းနဲ့ ရင်ထဲမှာ စွဲမြဲခံယူကြပြီးဖြစ်တယ်လို့လည်း ယုံကြည်တယ်။ ဒါကြောင့် မောင်တို့၊ မယ်တို့အနေနဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာနဲ့ မိမိတို့တာဝန်ကျရာ ဒေသတွေမှာ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြပါလို့ မှာကြားလိုတယ်။”**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇)၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာတွင် မြွက်ကြားသည့် ဩဝါဒအမှာစကားမှ ကောက်နုတ်ချက်ဖြစ်ပါသည်။

**စုပေါင်းအားဖြင့် တွန်းလှန်**

မိမိတို့ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်သော နိုင်ငံဖြစ်သည်။ “မြန်မာ” ဟူသော ဝေါဟာရသည် မျိုးနွယ်စုများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကျန်တိုင်းရင်းသားမျိုးနွယ်စုအားလုံးကို ခေါ်ဆိုခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံတွင်ကျရောက်လာသည့် အခက်အခဲများကို စုပေါင်းအားဖြင့် လက်တွဲတွန်းလှန်ကာကွယ်ခဲ့ကြသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် သာယာဝပြောသည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။

တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း အပြန်အလှန် လေးစားယုံကြည်မှု၊ ရင်းနှီးချစ်ကြည်မှု၊ နားလည်ခွင့်လွှတ်မှု၊ စည်းလုံးညီညွတ်မှုတို့သည် ပြည်ထောင်စု၏ အသက်သွေးကြောပင်ဖြစ်သည်နှင့်အညီ အဆိုပါစိတ်ဓာတ်များ မွေးဖွားသန့်စင်ခဲ့သော၊ ပေါက်ဖွားရှင်သန်ခဲ့သောမြေဩ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ သမိုင်းကြောင်းကို အကျဉ်းမျှ တင်ပြလိုပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)သည် ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်သော ပညာရေးဝန်ထမ်းကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ တက္ကသိုလ်အား တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် ၅ ရပ်ရှိပြီး အဆိုပါ ရည်ရွယ်ချက်များတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်ဟူသော အချက် အပါအဝင်ဖြစ်ပါသည်။

**တူညီသောတန်ဖိုးများကို မွေးဖွား**

ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသား လူငယ်မောင်မယ်များအတွက် အဆင့်မြင့်ပညာများဆည်းပူးရာ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သည်။ တိုင်းရင်းသား လူငယ်မောင်မယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လူမှုရေးမှစ၍ နိုင်ငံတော်က လိုလေသိမ်းမရှိ အခမဲ့တာဝန်ယူစောင့်ရှောက်ပေးထားပါသည်။ ကျောင်းအိပ်ကျောင်းစားဖြစ်ပြီး အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြရသဖြင့် နေထိုင်ရာအသိုင်းအဝိုင်းသည် ပြည်ထောင်စုလေးသဖွယ်ဖြစ်နေသည်။ အိပ်ဆောင်များအား တိုင်းရင်းသားမျိုးနွယ်စုနာမည်များ၊ တိုင်းရင်းသားများ၏ အထင်ကရနေရာများဖြင့် မှည့်ခေါ်ထားပါသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ထူးခြားချက်သည် Guardian စနစ်ဖြစ်သည်။ Senior အစ်မကြီးက မွန်တိုင်းရင်းသူဖြစ်ကောင်းဖြစ်မည်။ Junior ညီမငယ်က ကရင်တိုင်းရင်းသူ ဖြစ်ကောင်းဖြစ်မည်။ မတူညီသောဓလေ့၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများမှ မောင်နှမအရင်း၊ ညီရင်းအစ်ကို သံယောဇဉ်မျိုးဖြင့် တူညီသောတန်ဖိုးများကို မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းတန်ဖိုးများသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေတည်ရာဖြစ်သည်။ Junior ညီငယ်ဖျားလျှင် Senior အစ်ကိုကြီး ညမအိပ်နိုင်တော့၊ Senior အစ်ကိုအလုပ်များလျှင် ဝိုင်းဝန်းကူညီပေးသူက Junior ညီငယ်ဖြစ်သည်။ အမုန်းတရားများမရှိ၊ နှိုင်းယှဉ်မှုများမရှိ၊ သံယောဇဉ်တရားများဖြင့် ခိုင်ကျည်ထားသော ပြည်ထောင်စုလေးတွင် သူတို့ ရှင်သန်ပျော်ရွှင်စွာ ပညာဆည်းပူးကြသည်။ သူတို့တစ်တွေအား နည်းပေး၊ လမ်းပြသွန်သင်ဆုံးမသူ ဆရာ ဆရာမများသည်လည်း တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံက သူတို့၏ Senior အစ်ကိုကြီး၊ အစ်မကြီးများပင်ဖြစ်သည်။

ဤကျောင်းတော်ကြီးတွင် တိုင်းရင်းသားအသီးသီး၏ ဘာသာစကား၊ ရိုးရာဓလေ့စရိုက်များအား သင်ကြားဖလှယ်ခွင့်ရရှိကြသည်။ မည်သည့်တိုင်းရင်းသား၊ တိုင်းရင်းသူဖြစ်စေ နှစ်သက်ရာတိုင်းရင်းသားဘာသာစကားကို သင်ယူနိုင်သည်။ တိုင်းရင်းသားရိုးရာဓလေ့စရိုက်များကို လေ့လာနိုင်သည်။ ရိုးရာဝတ်စုံများ လဲလှယ်ကာ ဓာတ်ပုံရိုက်ကြသည်။ ရိုးရာမုန့်များ တစ်လှည့်စီပြုလုပ်၍ မြိန်ရေရှက်ရေ စားကြသည်။ သူတို့တစ်တွေသည် ပြည်ထောင်စုသားများဖြစ်ကြ၍ ဂုဏ်ယူဝင့်ကြွားကြသည်။ မြန်မာနိုင်ငံသားဖြစ်၍ ဂုဏ်ယူဝင့်ကြွားကြသည်။ **“စည်းလုံးခြင်းသည်အင်အား”** ဟူသည် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည်။ သံယောဇဉ်တရားက စည်းလုံးညီညွတ်ရေးအားကို အလိုအလျောက် ရရှိစေသည်။

ဤကျောင်းတော်ကြီးတွင် သင်ကြားရေးဘာသာရပ်ဌာန ၂၁ ဌာနဖြင့် သင်ကြားပို့ချမှုဆိုင်ရာ သင်ရိုးညွှန်းတမ်း ဘာသာရပ်များ၊ အခြေခံဘာသာရပ်များ၊ ဝိဇ္ဇာဘာသာရပ်များ၊ သိပ္ပံဘာသာရပ်များ၊ တွဲဖက်သင်ရိုးညွှန်းတမ်း ဘာသာရပ်များနှင့် အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များ သင်ကြားကြရသည်။ အထူးတွဲဖက် သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဘာသာရပ်များ ပါဝင်သည်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ဘာသာရပ်များ ပါဝင်သည်။ သို့သော် စည်းလုံးညီညွတ်ရေးဟု အတင်းတိုက်တွန်း နေစရာမလို၊ နှစ်ကာလများစွာ အတူတူနေထိုင် ရှင်သန်ခဲ့ကြသော ဤကျောင်းတော်သူ ကျောင်းတော်သားများ၏ သံယောဇဉ်သည် ရေကိုသား၍ ကြားမထင်ကဲ့သို့ ရှိကြပါသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က စားဝတ်၊ နေရေး၊ ကျန်းမာရေးမှစ၍ အစစအရာရာ လိုလေသေးမရှိ ထောက်ပံ့ပေးထားပါသည်။ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ရိက္ခာစိုငွေများအပြင် ဝတ်စုံများအနေဖြင့် တိုက်ပုံ၊ ဆာဖာရီ၊ လည်ကတုံး၊ လုံချည်၊ ဘောင်းဘီ၊ ရင်ဖုံး၊ တီရှပ်၊ ဘောင်းဘီရှည်၊ လက်ဆွဲအိတ်၊ ညှပ်ဖိနပ်၊ ကင်းဘတ်(လက်ရှည်)ဖိနပ်၊ ခြေအိတ်၊ အိပ်ရာပစ္စည်းများ၊ စာရေးကိရိယာများ၊ လစဉ်မုန့်ဖိုးစသည်ဖြင့် ကျောင်းသား ကျောင်းသူများ လိုအပ်ချက်ကို ပြည့်မီစွာ ထောက်ပံ့ပေးထားပါသည်။

ထို့ပြင်သာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျောင်းသား ကျောင်းသူများ၏

*စာမျက်နှာ ၇ သို့*

❖ **ပြည်ထောင်စုကြီး၏ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်( စစ်ကိုင်း ) ကမွေးဖွားသန့်စင်ပေးလိုက်သော ကျောင်းဆင်းတိုင်းရင်းသား လူငယ်မောင်မယ်များသည် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားအတွက်ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရင်း၊ ပြည်ထောင်စုကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ လက်များဖြင့် ကာကွယ်စောင့်ရှောက်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၆၇
ရက်
သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ❖ ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲ ကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၂၅) ထွက်ရှိ

**နေပြည်တော်  အောက်တိုဘာ ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် **“သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၂၅)”** စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ပြန်တမ်းဝင်အရာရှိအဆင့် (စတင်ခန့်) စာမေးပွဲများနှင့် အခြားဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်၊ သိရှိလိုသည့် အချက်အလက်များကို တစုတစည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သောစာအုပ်ဖြစ်သည်။

ယခု ၂၀၂၅ ခုနှစ်ထုတ်စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ မြန်မာနိုင်ငံတွင် ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးများ၊ နိုင်ငံတကာပဋိပက္ခဖြစ်ပွားမှုမှတ်တမ်းအကျဉ်း၊ မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာ




သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိစာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၌ ဝူဖရီးစက္ကူဖြင့် ထုတ်ဝေပြီး နေပြည်တော်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၁-၈၃၈၄၈၁၃၊ ၀၁-၈၃၇၁၃၄၂၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် လည်းကောင်း ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ကိုယ်ခန္ဓာဖွံ့ဖြိုး၊ ကြံ့ခိုင်ရေးအတွက် နေ့စဉ် ကြက်ဥ နှစ်လုံး၊ နွားနို့ ၂၀ ကျပ်သားအပြင် ဂျုံဖြင့် ပြုလုပ်ထားသော အစားအစာကို တစ်ပတ်လျှင် ငါးရက်နှုန်းဖြင့် ကျွေးမွေးရန် စီမံဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာသည် ကြီးမားသကဲ့သို့ ဤကျောင်းသား ကျောင်းသူများအပေါ် နိုင်ငံတော်က မည်မျှအထိ မျှော်လင့်ချက်ကြီးမားကြောင်း ပေါ်လွင်စေပါသည်။ အဘယ်ကြောင့်နည်း။

**ပြည်ထောင်စုစိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်**

အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုတိုင်းရင်းသားများအတွက် ပြည်ထောင်စုကျောင်းတော်ဖြစ်သောကြောင့်ဖြစ်သည်။ ပြည်ထောင်စုကျောင်းတော်တွင် ပြည်ထောင်စုကြီးအတွက် အသက်ဝိညာဉ်သဖွယ်အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်ပေးသောကြောင့်ဖြစ်သည်။ စာကိုသာမက စိတ်ကိုပါ သင်ကြားပေးသောကြောင့်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် စတင်ဖွင့်လှစ်ခဲ့သော ၁၉၆၄ ခုနှစ်မှစ၍ မဟာပညာရေးဘွဲ့ ၁၇၅ ဦး၊ မဟာဒဿနပညာရေးဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၃၅၀၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်ပညာဒီပလိုမာ ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာအတတ်သင်တန်း ၄၆၁ ဦး၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်း ၄၄၃ ဦး စုစုပေါင်း ၁၄၅၁၄ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆရာ၊ ဆရာမများအဖြစ်သာမက ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ၊ သူနာပြုဆရာ ဆရာမများ၊ ဌာနဆိုင်ရာအကြီးအကဲများလည်း ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုကြီး၏ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများက ကျောင်းသားဟောင်းများအသင်းဟူ၍ ဖွဲ့စည်းထားရှိသည်။ ကျောင်းသားဟောင်းများက သူတို့အား မွေးဖွားရှင်သန်စေခဲ့သော ကျောင်းတော်ကြီးကို နှစ်စဉ်နှစ်တိုင်း အလွမ်းပြေလာကြည့်သည်။ သူတို့စိုက်ပျိုးခဲ့သော သစ်ပင်ကြီးများအောက် အရိပ်ခိုကြသည်။ ရောက်ရှိလာကြသော တိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသားဟောင်းကြီးများ အချင်းချင်းလက်တွဲ၍ ဓာတ်ပုံရိုက်ကြသည်မှာ အလွန်လှပကြည်နူးဖွယ်ရာ မြင်ကွင်းဖြစ်သည်။

သူတို့တစ်တွေသည် သူတို့ချစ်သော ပြည်ထောင်စုကျောင်းတော်ကြီးကို ပြန်လည်စောင့်ရှောက်ကြသည်။ တစ်နည်းအားဖြင့် သူတို့ချစ်သော ပြည်ထောင်စုကြီးကို လက်ချင်းချိတ် ကာကွယ်စောင့်ရှောက်ရင်း မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးကြသည်။ သူတို့တစ်တွေ၏ လက်ဆင့်ကမ်းအမွေများကို သယ်ဆောင်ရင်း ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူ ၁၈၄ ဦးသည်လည်း သူတို့ကဲ့သို့ပင် နိုင်ငံတော်၏ တာဝန်ကို ကျရာကဏ္ဍအသီးသီးတွင် ထမ်းဆောင်ရင်း ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ကြပါတော့မည်။

**ကိုယ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ၏ ဩဝါဒခံယူပွဲတွင် ကျောင်းသား ကျောင်းသူများကိုယ်စား ကရင်တိုင်းရင်းသား ကျောင်းသားတစ်ဦးက ဂါရဝပြုတင်ပြခဲ့ပါသည်-

- သားတို့အနေနဲ့ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါမယ်။
- သားတို့အနေနဲ့ နိုင်ငံ့သားကောင်းများပီသစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တတ်စွမ်းသလောက် ပါဝင်ဆောင်ရွက်သွားပါမယ်။
- တာဝန်ကျရာဒေသတွေမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကား ပြန့်ပွားရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။
- မကြာခင်ကာလမှာ ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေမှာ သားတို့အနေနဲ့ ကိုယ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကတိပြုပါတယ်ခင်ဗျာ။

အမိနိုင်ငံတော်ကြီးအတွက် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များ၏ အားရကျေနပ်စရာ ကတိကဝတ်များဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုကြီး၏ ပြည်ထောင်စု ကျောင်းတော်ကြီးဖြစ်သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)က မွေးဖွားသန့်စင်ပေးလိုက်သော ကျောင်းဆင်းတိုင်းရင်းသား လူငယ်မောင်မယ်များသည် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရင်း၊ ပြည်ထောင်စုကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ လက်များဖြင့် ကာကွယ်စောင့်ရှောက်ကြမည့် ပုံရိပ်များကို မြင်ယောင်လျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံးယာယီတာဝန်ခံ ဒေါက်တာ ရာရှစ်အက်ဘ်ဒူလာ အမ်အေအယ်လ်ကူဝါရီ အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ထမ်းဆောင်မှု ကာလပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ကာတာသံရုံးယာယီတာဝန်ခံ ဒေါက်တာ ရာရှစ်အက်ဘ်ဒူလာ အမ်အေအယ်လ်ကူဝါရီအား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန်ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## သီးနှံမျိုးမွေးမြူရေးဆိုင်ရာ မွမ်းမံသင်တန်းနှင့် လုပ်ငန်းခွင်အကြို ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်နည်း သင်တန်းဆင်း



**နေပြည်တော် အောက်တိုဘာ ၂၁**

စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သော သီးနှံမျိုးမွေးမြူရေးဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ဘွဲ့လွန်သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် သီးနှံမျိုးများ သုတေသနပြုပြီး ထုတ်လုပ်နိုင်ရန် သီးနှံမျိုးမွေးမြူသူ သုတေသီပညာရှင်များ၏ အခန်းကဏ္ဍ မြှင့်တင်နိုင်ရေးနှင့် ပညာရှင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးရန် အရေးကြီးကြောင်း၊ သီးနှံမျိုးမွေးသူများကို စွမ်းဆောင်ရည်မြှင့်တင်ရာတွင် သီအိုရီသဘောတရားအပိုင်းသည် အရေးကြီးသကဲ့သို့ ပညာရှင်များအတွက် လက်တွေ့အပိုင်းနှင့် အတွေ့အကြုံသည်လည်း များစွာအရေးကြီးသည့်အတွက် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခြင်းနှင့် မျိုးဆက်သစ်များအား နည်းပညာအတွေ့အကြုံများ လက်ဆင့်ကမ်းပေးခြင်းကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီး သင်တန်း၏ ပထမအချိန်အဖြစ် သီးနှံမျိုးမွေးခြင်း လုပ်ငန်းများ၏ အရေးပါပုံနှင့် အခြေခံသဘောတရားများကို ဒုတိယဝန်ကြီးက ပို့ချသည်။

အလားတူ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ လုပ်ငန်းခွင်အကြို ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်နည်း ပညာပေးသင်တန်းဆင်းပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် စိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ တင်အေးအေးနိုင်တို့က သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများ ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၁

**ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများအား ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည်။**




ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက အိပ်ချ်အိုင်ဗွီ ကပ်ရောဂါသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင်ပါ ဖြစ်ပွားလျက်ရှိကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှုန်းသည် နိုင်ငံတစ်ခုနှင့်တစ်ခု မတူညီကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းတွင် အိပ်ချ်အိုင်ဗွီကူးစက်မှုနှုန်း ကျဆင်းလာသော်လည်း ဦးတည်အုပ်စု ဝင်များတွင် Concentrated Epidemic အနေနှင့် ဆက်လက်ကူးစက်လျက်ရှိပါကြောင်း၊ အိပ်ချ်အိုင်ဗွီကူးစက်မှုနှင့် ကူးစက်ခံရသော ဦးတည်အုပ်စုများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကွာခြားလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကို ဦးစားပေး ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ အိပ်ချ်အိုင်ဗွီပိုးရှိလူနာများအား ကုသပေးလျက်ရှိသော အေအာတီဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူရန် နှစ်စဉ်ဘဏ္ဍာငွေများ တိုးမြှင့်ချထားပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ငွေကျပ် သန်း ၃၃၆၀၀ နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ငွေကျပ် သန်း ၆၀၀၀၀ ကို တိုးမြှင့်ထောက်ပံ့ပေးထားပါကြောင်း။

ယခုဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ဖြစ်ပွားမှုအခြေအနေနှင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများအား ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၇-၂၀၃၀) ရေးဆွဲရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ပြီး ရလဒ်ကောင်းများ ရရှိစေမည်ဖြစ်သည့်အပြင် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းနှင့်ပြည်ပ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုရာတွင်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများအား ဆန်းစစ်သုံးသပ်ရာတွင် ပါဝင်ခဲ့သည့်အဖွဲ့များက တွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများ၊ လုပ်ငန်းဆန်းစစ်သုံးသပ်ရာတွင် ပါဝင်ခဲ့သည့် ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ဒေသဆိုင်ရာအဖွဲ့ရုံး၊ မြန်မာနိုင်ငံအခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ မြန်မာနိုင်ငံအခြေစိုက် အိပ်ချ်အိုင်ဗွီ /အေအိုင်ဒီအက်စ်ဆိုင်ရာ ကုလသမဂ္ဂ၏ ပူးတွဲအစီအစဉ်(UNAIDS) အဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဝေါမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ဝေါ အောက်တိုဘာ ၂၁**

ဝေါမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် သုံးစွဲပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါတီများမှ ပါတီဝင်များနှင့် ဝေါမြို့နယ်အတွင်းရှိ အိမ်ထောင်စုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခြင်းများ လက်တွေ့ဆောင်ရွက်ကြပြီး သိရှိလိုသည်များ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

# ရှေ့နေရှေ့ရပ်များအကြား ဥပဒေရေးရာ စကားဝိုင်း ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

"ရှေ့နေရှေ့ရပ်များအကြား ဥပဒေရေးရာစကားဝိုင်း-၁" ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



စကားဝိုင်းဆွေးနွေးပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦးက ယခုစကားဝိုင်းကို တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်၊ အမှုလိုက်ပါဆောင်ရွက်ရာ၌ သိသင့်သိထိုက်သည့် ဥပဒေရေးရာ ကိစ္စများကို ပိုမိုနှံ့စပ်နားလည်စေရန်၊ ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများကို ပိုမိုသိရှိပြီး အရည်အချင်းပြည့်ဝသော ရှေ့နေရှေ့ရပ်များဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

တက်ရောက်သူ တရားလွှတ်တော်ရှေ့နေများအနေဖြင့် ယခုစကားဝိုင်းတွင် လေ့လာခွင့်ရသည့် ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်၌ အကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် တရားလွှတ်တော်ရှေ့နေကြီးများက တရားမ တရားစီရင်ရေးနှင့် ရှေ့နေရှေ့ရပ်အခန်းကဏ္ဍ၊ ရှေ့နေကောင်းတစ်ယောက်၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ၊ ရှေ့နေရှေ့ရပ်များ၏ တရားရုံးကျင့်စဉ်များနှင့် လျှောက်လဲချက်ကောင်းတစ်ခုစသည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ တရားလွှတ်တော်ရှေ့နေများကောင်စီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ပလိန်ကျေးရွာအုပ်စု သုတပညာစာကြည့်တိုက်သစ်ဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၂၁**

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် နောင်ပလိန်ကျေးရွာအုပ်စု သုတပညာစာကြည့်တိုက်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်သစ် တည်နေရာ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံကိုပြည်နယ်အစိုးရအဖွဲ့၏ မတည်ငွေကျပ်သိန်း ၂၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၆၈၁၅၈၀၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်စာစောင်များ စုဆောင်းထားရှိမှု၊ ဒေသခံပြည်သူများ စာအုပ်စာပေ လာရောက်လေ့လာဖတ်ရှုနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့မတည်ငွေဖြင့် စာကြည့်တိုက်ငါးတိုက်ကို ဆောက်လုပ်သွားမည်ဖြစ်ရာ ယခုဖွင့်လှစ်သည့် စာကြည့်တိုက်သည် ဒုတိယမြောက်ဖွင့်လှစ်သည့် စာကြည့်တိုက်ဖြစ်ကြောင်း၊ စာကြည့်တိုက်မှ စာအုပ်စာပေများကို ဖတ်ရှုလေ့လာပြီး ဘဝတိုးတက် အောင်မြင်အောင်၊ စာဖတ်သည့် အလေ့အထများ စွဲမြဲလာအောင် တိုက်တွန်းပေးကြစေလိုကြောင်းပြောကြားသည်။



ထို့နောက် စေတနာရှင်အလှူရှင်များက စာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့က သုတ၊ ရသ စာအုပ်စာစောင်ပေါင်း ၁၅၀ ကို ပေးအပ်လှူဒါန်းကာ ဘားအံခရိုင် အုပ်ချုပ်ရေးမှူးက သုတပညာစာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်း စာအုပ်စာစောင်နှင့် ပရိဘောဂများကို စာကြည့်တိုက် ကော်မတီထံ လွှဲပြောင်းပေးအပ်သည်။

ယမန်နေ့ကလည်း ၂၀၂၅ ခုနှစ် ဘားအံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဘားအံမြို့ လှာကမြင်ကွက်သစ် ဖွဲ့ကပင်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးပြီး အဖွင့်ပွဲစဉ်အဖြစ် ရပ်ကွက် (၃+၆) အသင်းနှင့် ခလောက်နို့အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရပ်ကွက် (၃+၆)အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# သံအမတ်ကြီး ဦးစိန်ဦး ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိန်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အီစတာနာနန်းတော်၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ အဗ်နီအယ်လ်မာဟွန် ဆူလ်တန်ဟာဂျီအိုမာအလီဆိုင်ဖူဒင် ဆအာဒူလ်ခိုင်ရီဝါဒင်ထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသားအမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဂျူဒိုပြိုင်ပွဲတွင် ခတ၊ အတိုက်၊ အသင်းလိုက် အမျိုးသား အမျိုးသမီးတို့ဖြင့် အမျိုးအစား သုံးမျိုးပါဝင်ပြီး ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၁၃)

## စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများ အပါအဝင် ယနေ့ခေတ်အလုပ်အကိုင် ရရှိမှု / ဆက်စပ်မှုအခန်းကဏ္ဍ

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ်-ငြိမ်း)

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာ တက္ကသိုလ်ဘွဲ့ရများနှင့် ယနေ့ခေတ် အလုပ်အကိုင် ရရှိမှု အခွင့်အလမ်းများ၏ အခန်းကဏ္ဍကို ဆွေးနွေးပါမည်။ ယခင် ဆောင်းပါးအမှတ်စဉ်(၁၂)တွင် နိုင်ငံအချို့ မိမိနိုင်ငံအတွင်းရှိ တက္ကသိုလ်အားလုံး၏ ဘွဲ့ရ ၁၀၀ တွင် လက်ရှိဖြစ်ပေါ်နေသော ဘာသာရပ်/ ဘာသာခွဲအလိုက် (Specific Disciplines/ Specialization) ဘွဲ့ရရာခိုင်နှုန်း အချိုးများကို တင်ပြဆွေးနွေးခဲ့ပါသည်။

**ဇယား - ၁ နိုင်ငံအချို့ရှိ ဘာသာရပ်အလိုက် ဘွဲ့ရလူဦးရေ ၁၀၀ လျှင် ရှိသည့် ရာခိုင်နှုန်း (၂၀၂၀)**

| ဘာသာရပ် | မြန်မာ | ဖိလစ်ပိုင် | ဂျပန် | အမေရိကန် |
|---|---|---|---|---|
| စိုက်ပျိုး၊ မွေးမြူရေး(%)Agriculture | ၀.၅ | ၂.၂ | ၂.၆ | ၁.၀ |
| ပညာရေး (%) Education | ၂.၃ | ၁၃.၃ | ၇.၂ | ၉.၅ |
| အင်ဂျင်နီယာ၊ ကွန်ပျူတာ (%) Engineer, ICT | ၃.၉ | ၁၁.၅ | ၁၇.၁ | ၇.၂ |
| ဆရာဝန်၊ သူနာပြု (%) Health | ၁.၃ | ၁၅.၇ | ၁၃.၀ | ၁၇.၃ |
| လူမှုရေး၊ စီးပွားရေး၊ ဥပဒေ (%)Social Sci., Business, Law | ၁၄.၁ | ၃၁.၅ | ၂၇.၀ | ၃၆.၄ |
| ဝန်ဆောင်မှု (%) Services | ၀.၃ | ၄.၉ | ၈.၅ | ၇.၇ |
| ဝိဇ္ဇာနှင့်လူမှုဘာသာ (%) Humanities and Arts | ၃၄.၄ | ၂.၁ | ၁၄.၇ | ၁၁.၉ |
| ရိုးရိုးသိပ္ပံ (%) Pure Science | ၄၃.၂ | ၁၄.၀ | ၃.၁ | ၈.၉ |
| အခြား Unspecified Field (%) | ၀.၀ | ၄.၈ | ၆.၈ | ၀.၁ |
| စုစုပေါင်း Total | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

**Source – UNESCO/World Bank**

**(၁) ရရှိသည့်ဘွဲ့နှင့် အလုပ်အကိုင် မလိုက်ဖက်နေခြင်း/လွဲနေရခြင်း၏ အဓိကအကြောင်းရင်းများ**

**(၁-က) လက်တွေ့ကျကျ အတတ်ပညာမရရှိခြင်း**

တက္ကသိုလ်များမှ သင်ပေးသည့်အကြောင်းအရာများ (သီအိုရီ၊ စာပေ၊ သုတေသန) သိပ်များလွန်းပြီး လုပ်ငန်းလက်တွေ့ကျကျ လေ့ကျင့်မှု၊ အသုံးချနိုင်သော နည်းပညာလျော့နည်းတတ်ပါသည်။

**(၁-ခ) လက်ရှိစီးပွားရေးကဏ္ဍများနှင့် မိမိဘွဲ့၊ ပညာတိုက်ဆိုင်မှု နည်းနေခြင်း**

မိမိနိုင်ငံအတွင်း လုပ်ငန်းလိုအပ်ချက် (demand) နှင့် တက္ကသိုလ်မှ မွေးထုတ်ပေးသည့် ကျောင်းသား ကျောင်းသူ အရေအတွက်၊ ဘာသာရပ် မကိုက်ညီမှု ဖြစ်နေတတ်ပါသည်။

**(၁-ဂ) လုပ်ငန်းဆိုင်ရာ အလျော်အစားမရှိ/ပြန်မရနိုင်သော လိုအပ်သည်ထက် ပိုမိုမွေးထုတ်ပေးနေသော ဘွဲ့ဒီဂရီများ**

တချို့ဘာသာရပ်များ (အထူးသဖြင့် အနုပညာ/ အသုံးချသိပ္ပံမဟုတ်သော ရိုးရိုးသိပ္ပံ၊ ရိုးရိုးဝိဇ္ဇာဘာသာရပ်များ)မှာ နှစ်စဉ်ဘွဲ့ရများများ ထွက်ရှိနေနိုင်ပြီး အလုပ်အကိုင်လိုအပ်ချက်နည်းနိုင်ပါသည်။

**(၁-ဃ) အသက်မွေးဝမ်းကျောင်း/ ကျွမ်းကျင်မှု အားနည်းခြင်း**

လက်ရှိခေတ်နှင့်အညီ လိုအပ်သော အလုပ်အကိုင်များ၊ မိမိ မိသားစုများအတွက် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု ပညာပေးမှု အားနည်းနေနိုင်ပါသည်။

**(၁-င) ပညာရေးမဟုတ်သော အခြားအကြောင်းအရာများ**

နိုင်ငံရေး၊ စီးပွားရေးမတည်ငြိမ်မှု၊ လုပ်ငန်းအရင်းအနှီးပိတ်ဆို့ချက်၊ ကန့်သတ်ချက်များက အလုပ်အကိုင်ရှာဖွေရန် အခက်အခဲဖြစ်စေနိုင်ပါသည်။

**(၁-စ) သင်ကြားနည်းဗျူဟာဟောင်းများ/စနစ်ဟောင်းသင်ကြားမှု**

ဆရာ၊ ကျောင်းသား အပြန်အလှန်ဆက်ဆံရေး၊ ပြဿနာဖြေရှင်းပေးသော (problem-solving appeoach)၊ ဝေဖန်သုံးသပ်ခြင်း (critical thinking)၊ အဖွဲ့လိုက်ဆောင်ရွက်စေခြင်း (Teamwork communication) စသည့်သင်ကြားနည်းစနစ်များ (Teaching methods and soft skills impro-vement) မရနိုင်သေးသော သင်ကြားမှုနည်းစနစ်များ ဆက်လက်အသုံးပြုနေခြင်း ရှိနေနိုင်ပါသည်။

**(၂) တက္ကသိုလ်များက နိုင်ငံအတွက် ထောက်ပံ့ကူညီပေးနိုင်သည့် အကျိုးကျေးဇူးနှင့် ပြဿနာများ**

**အကျိုးကျေးဇူးများ**

- **စွမ်းအားကောင်းသော လူသားအရင်းအမြစ်ဖြစ်ပေါ်စေခြင်း။** လေ့လာသင်ယူမှု၊ သုတေသန၊ နည်းပညာတီထွင်မှု ရှိရပါမည်။
- **လူသားစွမ်းအင်တိုးတက်စေခြင်း။** ကျွမ်းကျင်သူများ ရရှိစေခြင်း၊ လူမှုစီးပွားရေး ဖွံ့ဖြိုးရေးကို ထောက်ပံ့ပေးသော ပညာများ ဖြစ်ရပါမည်။
- **ဒေသဆိုင်ရာ လိုအပ်ချက်များအတွက် အထူးကျွမ်းကျင်မှု ရရှိစေနိုင်ခြင်း။** ဥပမာ စိုက်ပျိုးရေး မွေးမြူရေးတက္ကသိုလ်များ တည်ရှိနေရာအရ တောင်တန်း၊ မြေပြန့်နေရာ ဒေသအလိုက်ဆိုင်ရာ အချက်အလက်၊ နည်းပညာ လိုအပ်ချက်များ၊ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို ထောက်ပံ့ပေးနိုင်ပါသည်။

**ပြဿနာများ/ကန့်သတ်ချက်များ**

- **ဘာသာရပ်ရွေးချယ်မှု အခွင့်အလမ်း။** အချို့ဘာသာရပ်များက အလုပ်အကိုင်ဖန်တီးမှု နည်းပါးပါသည်။ သို့သော် တခြားဘာသာရပ် မရှိ၍ ဝါသနာမပါသော်လည်း ရွေးချယ်ခဲ့ရပါသည်။
- **သုတေသနနှင့် အကောင်အထည်ဖော်မှု ချို့ယွင်းမှု။** သုတေသနများ အကျိုးသက်ရောက်မှုမမြင်သာ၊ စီးပွားရေးအရ အထောက်အကူပေးမှု နည်းပါးနေပါသည်။
- **တက္ကသိုလ်များ၏ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှုနည်းပါးခြင်း။** လျင်မြန်စွာ လိုအပ်ချက်ပြောင်းလဲမှုများကို မျက်စိမဖွင့်နိုင်၊ ချက်ချင်းမပြောင်းလဲနိုင်ပါ။ စင်ကာပူနိုင်ငံ တက္ကသိုလ်အများစုတွင် သူတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လာပါက ဘာသာရပ်အသစ်၊ ဘွဲ့ဒီဂရီအသစ်တို့ကို အဟောင်းများနှင့် နှစ်စဉ်လဲလှယ်၊ ပြောင်းလဲသင်ယူကြပါသည်ဟု သိရှိရပါသည်။

**လက်တွေ့ကျသောအကြံပြုချက်များ၊ အဆင့်လိုက်-ချက်ချင်းလုပ်နိုင်/ နှစ်တို/နှစ်လတ်/နှစ်ရှည်)**

**(၂-က) ချက်ချင်းဆောင်ရွက်ရန်။ ၀ - ၆ လအတွင်း**

**(၂-က-၁) နေရာတိုင်းမှာ အလုပ်အကိုင်ရှာဖွေပေးရေးဌာန/ရုံး တိုးမြှင့်ဖွင့်လှစ်ရန်**

တက္ကသိုလ်ကျောင်း တစ်ခုချင်းစီအလိုက် အလုပ်အကိုင်ရှာဖွေရေးဌာန တည်ဆောက်ပေးနိုင်ပါသည်။ အလုပ်ရှာဖွေရန် အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းနိုင်ပါသည်၊ ကိုယ်ရေးအကျဉ်း၊ လူတွေ့စစ်ဆေးခြင်းသင်တန်း၊ အလုပ်အကိုင်ခေါ်ယူသောပွဲများ၊ ကြော်ငြာထည့်ခြင်းလုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ပါသည်။

**(၂-က-၂) အလုပ်ရှင်/လုပ်ငန်း/ကုမ္ပဏီများ အကြံပေးအဖွဲ့ ဖွဲ့စည်းရန်**

ဘာသာရပ်တစ်ခုချင်းစီအတွက် အခြေခံလုပ်ငန်းအဖွဲ့ကို ဖိတ်၍ လေ့လာမှုအကြောင်းအရာများကို အလုပ်လိုအပ်ချက်နှင့် ကိုက်ညီအောင် ပြင်ဆင်ပေးနိုင်ပါသည်။

**(၂-က-၃) လုပ်ငန်းခွင်အကြို သင်တန်းတိုများနှင့် လက်မှတ်ရသင်တန်းများ**

ဥပမာ- အခြေခံကွန်ပျူတာပညာကျွမ်းကျင်မှုများ၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ၊ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု၊ စာရင်းဇယားတွက်ချက်နည်းစနစ်များ၊ စာရင်းအင်းပညာ၊ စိုက်ပျိုးမွေးမြူရေးဘွဲ့ရများအတွက် တောင်သူပညာပေးလုပ်ငန်းများ၊ အခြေခံစာရင်းကိုင်ပညာ စသည့် လက်တွေ့ကျသင်တန်းများကို အမြန်စတင်ပေးသင့်ပါသည်

**(၂-ခ) ကာလတိုအလတ် (၆-လ- ၂၄ လ)**

**(၂-ခ-၁) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ အပြန်အလှန် ညှိနှိုင်းရန်**

ရလဒ်ကို အခြေခံသောပညာရေး၊ သတ်မှတ်ဘွဲ့ကို ရရှိရမည့် နိုင်ငံတကာအသိအမှတ်ပြုများ သတ်မှတ်၊ သင်ရိုးကို လုပ်ငန်းလိုအပ်ချက်နှင့် ချိန်ညှိသင့်ပါသည်။

**(၂-ခ-၂) လုပ်ငန်းခွင်အကြိုလုပ်ငန်းများ၊ ပညာရေးနှင့် လက်တွေ့စက်ရုံ၊ အလုပ်ရုံ ဆက်သွယ်မှုကို တိုက်တွန်းရန်**

တက္ကသိုလ်များအားလုံး ဘွဲ့ဒီဂရီတိုင်း အနည်းဆုံး ၃ / ၆ လအလုပ်လက်တွေ့လေ့ကျင့်မှု မရှိမဖြစ်ရယူရန် မူဝါဒချမှတ်သင့်ပါသည်။

**(၂-ခ-၃) အသက်မွေးဝမ်းကျောင်းပညာ (TVET) နှင့် တက္ကသိုလ်ပူးပေါင်းမှု**

အသက်မွေးဝမ်းကျောင်းပညာ/ ကျွမ်းကျင်မှုစွမ်းရည်ကို တက္ကသိုလ်ဘွဲ့၊ ဒီဂရီများ ထပ်ဆောင်းသင်ကြားနိုင်အောင် ချိတ်ဆက်ပေးသင့်ပါသည်။ ဥပမာ- ဂျာမနီနိုင်ငံ၌ တက္ကသိုလ်များသို့ တိုက်ရိုက်မသွားဘဲ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများမှ စတင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအတွက် အသုံးချသိပ္ပံပညာဘွဲ့ပေးသော တက္ကသိုလ်များ နိုင်ငံအနှံ့၊ ပြည်နယ်၊ တိုင်း၊ မြို့ကြီးတိုင်းနီးပါးတွင် ရှိပါသည်။ လက်တွေ့ကျကျ အလုပ်လုပ်ရင်း ဘွဲ့၊ ဒီဂရီရရှိစေသော အစီအစဉ်များဖြစ်ပါသည်။

**(၂-ခ-၄) စွန့်ဦးလုပ်ငန်းတီထွင်မှုများ၊ Entrepr-eneurship hub & incubation တည်ထောင်ပေးခြင်း**

တက္ကသိုလ်ကျောင်းတက်ရင်း စီးပွားရေးစတင်လိုသူများအတွက် လုပ်ငန်းတည်ထောင်ပေးမှု၊ ကြီးကြပ်ပေးမှု၊ ထောက်ပံ့ကြေး (incubation, mentorship, seed grants) များ ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

**"ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော စာရေးသူတို့နိုင်ငံတွင် မိသားစုများ၊ မိဘများအားလုံး မိမိ သားသမီးများအတွက် အဆင့်မြင့်ပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ ရင်းနှီးပေးဆပ်ရမှုများမှာ လူတိုင်း၊ မိသားစုတိုင်းအတွက် ကုန်ကျစရိတ်များပြားလှပါသည်။ ထို့ကြောင့် ကျောင်းသားကျောင်းသူများ ဘွဲ့ရရှိပြီးပါက မိမိသင်ကြား၊ သင်ယူခဲ့သော ဘာသာရပ်များနှင့် တိုက်ရိုက်သက်ဆိုင်သော အလုပ်အကိုင်များရရှိခြင်းဖြင့် မိမိ မိသားစုအတွက်လည်းကောင်း၊ မိမိတိုင်းပြည်အတွက်လည်းကောင်း မိမိတို့ကျောင်း၊ တက္ကသိုလ်များ၌ သုံးစွဲခဲ့ရသော ငွေကြေးကုန်ကျမှုကို အချည်းအနှီးမဖြစ်စေဘဲ အကျိုးပြုနိုင်မည်"**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

**(၂-က) ကာလတိုအလတ် (၆-လ- ၂၄ လ)**

**(၂-က-၁) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ အပြန်အလှန် ညှိနှိုင်းရန်**

ရလဒ်ကို အခြေခံသောပညာရေး၊ နိုင်ငံတကာ အသိအမှတ်ပြုသော ဘွဲ့လက်မှတ်ကို ရရှိရမည်များ သတ်မှတ်ကာ သင်ရိုးကို လုပ်ငန်းလိုအပ်ချက်နှင့် ချိန်ညှိသင့်ပါသည်။

**(၂-က-၂) လုပ်ငန်းခွင်အကြိုလုပ်ငန်းများ၊ ပညာရေးနှင့် လက်တွေ့စက်ရုံ၊ အလုပ်ရုံ ဆက်သွယ်မှုကို တိုက်တွန်းရန်**

တက္ကသိုလ်များအားလုံး ဘွဲ့ဒီဂရီတိုင်း အနည်းဆုံး ၃-၆ လ အလုပ်လက်တွေ့လေ့ကျင့်မှု မရှိမဖြစ် ရယူရန် မူဝါဒချမှတ်သင့်ပါသည်။

**(၂-က-၃) အသက်မွေးဝမ်းကျောင်းပညာ (TVET) နှင့် တက္ကသိုလ်များပူးပေါင်းမှု (Stackable credentials)**

အသက်မွေးဝမ်းကျောင်းပညာ/ကျွမ်းကျင်မှု စွမ်းရည်ကို တက္ကသိုလ်ဘွဲ့ ဒီဂရီများ ထပ်ဆောင်း သင်ကြားနိုင်အောင် ချိတ်ဆက်ပေးသင့်ပါသည်။ ဂျာမနီနိုင်ငံ၌ အသက်မွေးဝမ်းကျောင်းဘက်ကို စတင်ခဲ့သော ကျောင်းသား ကျောင်းသူများအတွက် အသုံးချသိပ္ပံပညာဘွဲ့ပေးသော တက္ကသိုလ်များ နိုင်ငံအနှံ့ ပြည်နယ်တိုင်း၊ မြို့ကြီးတိုင်းနီးပါးတွင် ရှိပါသည်။ လက်တွေ့ကျကျ အလုပ်လုပ်ရင်း ဘွဲ့၊ ဒီဂရီရရှိစေသော အစီအစဉ်များဖြစ်ပါသည်။

**(၂-က-၄) စွန့်ဦးလုပ်ငန်းတီထွင်မှုများ (Entrepreneurship Hub & Incubation) တည်ထောင်ပေးခြင်း**

တက္ကသိုလ် ကျောင်းတက်ရင်း စီးပွားရေးစတင် လိုသူများအတွက် လုပ်ငန်းတည်ထောင်ပေးမှု၊ ကြီးကြပ်ပေးမှု၊ ထောက်ပံ့ကြေး (Incubation, Mentorship, Seed grants)များ ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

**(၂-ဃ) ကာလရှည် (၂ နှစ်+)**

**(၂-ဃ-၁) နိုင်ငံအတွင်းဘွဲ့ရများအချက်အလက်စနစ် (Graduate Tracer System) ရှိသင့်ခြင်း**

ဘွဲ့ရများ မည်သို့သော အလုပ်အကိုင်များ လုပ်ကိုင်နေသလဲ၊ အလုပ်မရှိသူများ (Unemployed people) အကြောင်းရင်းကို တိုက်ရိုက်သိရှိရန် အမျိုးသားအဆင့်ဘွဲ့ရများအား ခြေရာခံသည့် အချက်အလက်စနစ် (National Graduate Tracking Database) တည်ဆောက်ထားသင့်ပါသည်။

**(၂-ဃ-၂) စီးပွားရေးအခြေခံသော သုတေသနနှင့် စက်မှုလုပ်ငန်းရန်ပုံငွေ အခြေခံ သုတေသနများ (Commercialization & Industry-funded Research) ဆောင်ရွက်ခြင်း**

တက္ကသိုလ်များက ဦးဆောင်သော သုတေသန (University-led Research) ကို ဖော်ထုတ်နိုင်အောင် မူပိုင်ခွင့်ဝါဒ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ လွတ်လပ်စွာ သုတေသနလုပ်နိုင်ခွင့်၊ အစိုးရက ထောက်ပံ့မှု၊ စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကငွေကြေး ပံ့ပိုးမှု (IP policy, Spin-off support, Industry co-funding) ပါဝင်လာသော သုတေသနများ ဖန်တီးပေးသင့်ပါသည်။

**(၂-ဃ-၃) မူဝါဒအဆင့် - အဓိက ပူးပေါင်းဆောင်ရွက်မှု**

ပညာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ တက္ကသိုလ်များကို ကြီးကြပ်နေရသော ဝန်ကြီးဌာနများ၊ ကုန်သည် / စက်မှုအသင်းချုပ် (Industry Chambers e.g. UMFCCI) တို့ ပူးပေါင်း၍ တစ်နိုင်ငံလုံး မဟာဗျူဟာ (Strategy)၊ ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက် ကြိုတင်ခန့်မှန်း ထားခြင်း၊ ပညာရပ်အလိုက် ကျွမ်းကျင်မှုကြိုတင် ခန့်မှန်းမှု သုတေသနရေးဆွဲ ဆောင်ရွက်သင့်ပါသည်။

**(၃) ဘာသာရပ်အလိုက်အဆင့်သတ်မှတ်ထားခြင်း**

နိုင်ငံတကာတွင် မိမိနိုင်ငံ ဖွံ့ဖြိုးရေး၊ စီးပွား တိုးတက်ရေးအတွက် အရေးကြီးပြီး အကျိုးရှိနိုင် သော ဘာသာရပ်များ နှစ်စဉ်ရေးဆွဲကာ အရေးကြီးမှု အလိုက် သတ်မှတ်ထားလေ့ရှိပါသည်။ မြန်မာနိုင်ငံ အတွက်ဆိုလျှင် အောက်ပါဘာသာရပ်များ သင်ကြား၊ သုတေသနပြုမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးစားပေး ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါသည် -

**(၃-က) စိုက်ပျိုးမွေးမြူရေးနှင့် ထွက်ကုန်များ ကူးသန်းရောင်းဝယ်ရေး။** ဥပမာ- တန်ဖိုးကွင်းဆက် လုပ်ငန်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ စိုက်ပျိုးသီးနှံများ ကြိတ်ခွဲရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာများ စသည်များ။

**(၃-ခ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆက်စပ် ပညာရပ်များ။** ဥပမာ - အခြေခံကျန်းမာရေး ပြုစုစောင့်ရှောက်မှု၊ သူနာပြုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေး စသည်များ။

ဥပမာ - ဖိလစ်ပိုင်နိုင်ငံ၌ ကျွမ်းကျင်သူနာပြုများ များစွာမွေးထုတ်၍ တစ်ကမ္ဘာလုံး အလုပ်လုပ်စေကာ နိုင်ငံခြားဝင်ငွေများစွာရရှိနေခြင်း (၂၀၂၄ ခုနှစ် စာရင်းဇယားအရ ဖိလစ်ပိုင်မှ သူနာပြုသုံးသိန်း ကျော် နိုင်ငံတကာတွင် အလုပ်လုပ်ကိုင်ပြီး သူ့နိုင်ငံ အတွက် နိုင်ငံခြားငွေ ရှာဖွေပေးလျက်ရှိကြောင်း သိရပါသည်)

**(၃-ဂ) အချက်အလက်နည်းပညာနှင့် အချက် အလက်သိပ္ပံ။** အခြေခံကုတ်စနစ်၊ ဒစ်ဂျစ်တယ် ဝန်ဆောင်မှု၊ အဝေးထိန်းစနစ်ဖြင့် ဆောင်ရွက်ပေး နိုင်သော အခွင့်အလမ်းများ စသည်များ။

**(၃-ဃ) အင်ဂျင်နီယာပညာ Engineering (especially Agricultural, Civil, Mechanical, Electrical and Electronics, Mechatronic, Environmental and Food Engineering, etc.)။** အခြေခံအဆောက် အအုံ ပြုပြင်တိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာပညာ၊ မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ပတ်ဝန်းကျင်နှင့် အစားအစာ အင်ဂျင်နီယာပညာများ စသည်။

**(၃-င) အသက်မွေးဝမ်းကျောင်းပညာများ/အသုံးချ ကုန်သွယ်မှုပညာ (TVET / Applied Trades)။** ဥပမာ - နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရ လျှပ်စစ်ကျွမ်းကျင်သူ (Electricians)၊ ပိုက်ပြင် ကျွမ်းကျင်သူ (Plumbers)၊ စက်ပြင်/မက္ကင်းနစ် (Mechanics, etc.) များ စသည်။

**(၃-စ) စီးပွားရေး၊ ပညာရေးနှင့် သက်ဆိုင်သော ဘာသာရပ်များ။** ဥပမာ - ကုန်သွယ်မှု/ကုန်သွယ် ရေး၊ ဘဏ်စနစ်၊ ပညာရေးစိတ်ပညာ၊ အဆင့်မြင့် ပညာရေးသုတေသန စသည်။

**(၃-ဆ) အသေးစားသီးသန့် ထပ်မံဦးစားပေးသင့် သော ဘာသာရပ်များ။** လူမှုရေးသိပ္ပံနှင့် အခြေခံ သဘောတရားသိပ္ပံများကို လက်တွေ့ကျ အတတ် ပညာနှင့် ပေါင်းစပ်ပေးရန် ဥပမာ - ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်ဆက်သွယ်မှု (e.g., Communication+ Digital Media, Language) ဘာသာစကား- ဥပမာ- အင်္ဂလိပ်စာ၊ ဘာသာပြန်နည်းပညာများ (+ Translation Services, etc.) စသည်။

**(၄) စနစ်တကျ အကောင်အထည်ဖော်ရန် အချို့ သော အဓိကစွမ်းဆောင်မှု အချက်အလက် များ (KPI – Key Performance Indicators) များ (ဖြစ်နိုင်လျှင် တိုင်းတာသင့်ပါသည်)**

**(၄-က) ဘွဲ့ရအလုပ်အကိုင်ရရှိမှုနှုန်း (Graduate employment rate)** ဘွဲ့ရပြီး ၆ လမှ ၁၂ လ အကြား (6 months and 12 months after Graduation) – ရည်မှန်းချက်ရာခိုင်နှုန်း (Target: 75% within 12 months) (သို့) ဆက်စပ်အကြောင်း အရာရည်မှန်းချက်များ (Context-sensitive target)။ နမူနာအားဖြင့် စင်ကာပူနိုင်ငံ နန်းယန်း နည်းပညာတက္ကသိုလ် (NTU – Nanyang Technological University)မှ စစ်တမ်းကောက်၊ သုတေသန ပြုထားသော ထိုတက္ကသိုလ်ဘွဲ့ရများ၏ အလုပ် အကိုင်ရရှိမှုရာခိုင်နှုန်းကို အောက်ပါဇယားတွင် ပြထားပါသည်။

**(စင်ကာပူနိုင်ငံ၊ နန်းယန်းနည်းပညာတက္ကသိုလ် ဘွဲ့ရများအလုပ်အကိုင်ရရှိမှုနှုန်း မှတ်တမ်းဇယား)**

| Course Clusters | Overall Employment Rate | | | Full-Time Permanent Employment Rate | | |
|---|---|---|---|---|---|---|
| | 2016 | 2017 | 2018 | 2016 | 2017 | 2018 |
| Arts, Design & Media | 85.3% | 91.2% | 89.3% | 62.5% | 61.6% | 69.8% |
| Built Environment | 91.6% | 93.1% | 92.0% | 88.6% | 87.7% | 87.3% |
| Business | 94.3% | 95.6% | 94.5% | 88.2% | 90.0% | 89.7% |
| Engineering | 86.2% | 86.0% | 89.5% | 79.7% | 79.3% | 84.1% |
| Health Sciences | 95.5% | 91.7% | 95.8% | 87.1% | 87.5% | 83.8% |
| Humanities & Social Sciences | 88.8% | 85.4% | 86.7% | 72.6% | 69.4% | 71.2% |
| Information & Digital Technologies | 93.5% | 94.0% | 94.6% | 90.2% | 89.8% | 91.7% |
| Sciences | 84.1% | 82.2% | 84.2% | 68.4% | 64.9% | 68.7% |
| **Overall** | **89.5%** | **88.9%** | **90.2%** | **79.9%** | **78.4%** | **81.2%** |

**(၄-ခ) အလုပ်ရှင်ကျေနပ်မှုရမှတ်များ။** နှစ်စဉ် ကောက်ယူသင့်ပါသည် ဥပမာ - ရမှတ် ၁ မှ ၅ Annual Survey (Scale 1–5)။

**(၄-ဂ) ဘွဲ့ရအလုပ်သင် ပြုလုပ်ပေးနိုင်မှု ရာခိုင်နှုန်း။** ၃-နှစ်အတွင်း ၈၀ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက် Target: 80% within 3 years ။

**(၄-ဃ) စက်မှုပံ့ပိုးစီမံချက်အရေအတွက်၊ စုစုပေါင်း သုတေသနရန်ပုံငွေရာခိုင်နှုန်း။** နှစ်စဉ် တိုးတက်ရ ပါမည်။ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု အသုံးစရိတ် ဦးစားပေးသုံးစွဲရပါမည်။

**(၄-င) နှစ်စဉ်သင့်တော်သော အရည်အချင်းရှိသူ များ စစ်တမ်းကောက်ယူထားခြင်း။** ခြေရာခံ စနစ်သုံး ဆောင်ရွက်သင့်ပါသည် ... စသည်တို့ဖြစ်ပါသည်။

**စာရေးသူ၏ အတွေးစာစစ်**

ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုဖြစ်သော စာရေးသူတို့နိုင်ငံ တွင် မိသားစုများ၊ မိဘများအားလုံး မိမိသားသမီး များအတွက် အဆင့်မြင့်ပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ ရင်းနှီးပေးဆပ်ရမှု များမှာ လူတိုင်း၊ မိသားစုတိုင်းအတွက် ကုန်ကျ စရိတ် များပြားလှပါသည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူများ ဘွဲ့ရရှိပြီးပါက မိမိသင်ကြားသင်ယူ ခဲ့သော ဘာသာရပ်များနှင့် တိုက်ရိုက်သက်ဆိုင်သော အလုပ်အကိုင်များရရှိခြင်းဖြင့် မိမိ မိသားစုအတွက် လည်းကောင်း၊ မိမိတိုင်းပြည်အတွက်လည်းကောင်း မိမိတို့ ကျောင်း၊ တက္ကသိုလ်များ၌ သုံးစွဲခဲ့ရသော ငွေကြေးကုန်ကျမှုကို အချည်းအနှီးမဖြစ်စေဘဲ အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း စိတ်ရင်း၊ စေတနာ ဖြင့် ရေးသားဆွေးနွေးလိုက်ရပါသည်။ ။



## မိုးညှင်းတက္ကသိုလ်၌ အင်္ဂလိပ်စာမိသားစု၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆို

မိုးညှင်း အောက်တိုဘာ ၂၁

ကချင်ပြည်နယ် မိုးညှင်းတက္ကသိုလ်၌ ၂၀၂၅ ပညာသင်နှစ် အဝေးသင်သင်တန်း များ စတင်ဖွင့်လှစ် သင်ကြားပို့ချလျက် ရှိရာ အဝေးသင်သင်တန်း အင်္ဂလိပ်စာ မိသားစု၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ် ရတနာခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

ဦးစွာ အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် အဖွင့်ပူဇော်ဂါရဝပြုကြပြီး ဆီမီးများ ထွန်းညှိပူဇော်ကြကာ တက်ရောက်လာ ကြသည့် တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် သက်ဆိုင်ရာ ဘာသာရပ်များမှ ဆရာ ဆရာမကြီးများ အား ကျောင်းသား ကျောင်းသူများက ကန်တော့ကြသည်။

ဆက်လက်၍ တက္ကသိုလ်ပါမောက္ခ ချုပ် ဒေါက်တာနိုင်နိုင်လတ်က အမှာ စကားပြောကြားပြီး အင်္ဂလိပ်စာဘာသာ ရပ်မှ တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါ်စပယ် ဦးက ၂၀၂၅ ပညာသင်နှစ် အင်္ဂလိပ်စာ မိသားစု၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင် ကြိုဆိုပွဲပြုလုပ် ရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် အင်္ဂလိပ်စာဘာသာရပ် အဝေးသင်သင်တန်းမှ နောက်ဆုံးနှစ် ကျောင်းသူတစ်ဦးက ကြိုဆိုနှုတ်ခွန်း ဆက်စကား ပြောကြား ပြီးနောက် ပထမ နှစ် ကျောင်းသားတစ်ဦးက အဆိုပါ ကြိုဆိုပွဲနှင့်ပတ်သက်၍ ကျေးဇူးတင် စကား ပြောကြားသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပျော်ပွဲရွှင်ပွဲများ ဖြစ်သည့် အကအလှပဒေသာ အစီအစဉ် များနှင့် တေးသီချင်းအစီအစဉ်များ၊ ပထမနှစ် ကျောင်းသား ကျောင်းသူများက King နှင့် Queen ရွေးချယ်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ရွှေမိုးညှင်း**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၁** နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၈) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုက်ကြီးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေခံ သင်တန်းကျောင်း၌ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲတွင် တိုင်းမှူးဗိုလ်ချုပ် ကျော်ကျော်ဟန် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၈) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

၁။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ ကျွန်တော် ဒီသင်တန်းကို တက်ရောက်သင့်တယ်ထင်လို့ ကျွန်တော်တက်ရောက်ဖြစ်တာပါ။ နိုင်ငံသားတစ်ယောက် အနေနဲ့လည်း ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို တစ်ဖက်တစ်လမ်းကနေပြီး ကာကွယ်စောင့်ရှောက်သင့်တယ်ဆိုတဲ့ ကျွန်တော့်ရဲ့ တာဝန်သိစိတ်ကြောင့်လည်း ဖြစ်ပါတယ်။ ကျွန်တော့်နိုင်ငံတွင်မဟုတ်ဘဲ ဖွံ့ဖြိုးတဲ့နိုင်ငံတော်တော်များများက စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြပါတယ်။ ကျွန်တော်ကတော့ ဒီဥပဒေကို ကောင်းတယ်လို့ ထင်မြင်မိပါတယ်။ နိုင်ငံသားတိုင်းလည်း လိုက်နာပြီး ဆောင်ရွက်သင့်ပါတယ်လို့ ထင်မြင်မိပါတယ်။





ဒီသင်တန်းကို ကျွန်တော်မလုပ်ဖူးခင်က မလုပ်ဖူးတဲ့အရာတွေ လုပ်ရမယ်ဆိုတော့ နည်းနည်းတော့ စိတ်လှုပ်ရှားမိတယ်။ ယောကျ်ားတိုင်း တတ်သင့်တဲ့ ပညာရပ်ဖြစ်တာကြောင့် ဂုဏ်ယူစွာနဲ့သင်ကြားသွားချင်ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်တွေလည်း တစ်ဖက်တစ်လမ်းကနေ ကိုယ်တတ်စွမ်းသလောက် ထမ်းဆောင်သွားပါ့မယ်လို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်။ နောင်လာမယ့် ညီငယ်တွေကိုလည်း လာပြီးတက်ရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

၂။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းထဲ ဝင်ချင်တာလည်း ကြာပါပြီ။ ဘာကြောင့်လဲဆိုတော့ နဂိုတုန်းကလည်း ကျွန်တော်ဝင်ချင်တာလည်း ရှိပါတယ်။ စိတ်ဆန္ဒလည်း ရှိပါတယ်။ မြန်မာနိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရမယ်ဆိုတာလည်း သိပြီးသားဖြစ်တဲ့အတွက် ကျွန်တော် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးကိုလည်း ပြည်သူ့စစ်မှုထမ်းဖို့ ဖိတ်ခေါ်ပါတယ်။ ဒီသင်တန်းအမှတ်စဉ်(၁၈) စရောက်တဲ့ အချိန်မှာ နည်းပြတွေ၊ အရာရှိတွေ၊ ဗိုလ်လေးတွေက ကျွန်တော့်ကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ တပ်မတော်သားကောင်းဖြစ်အောင် ကြိုးစားသွားပြီး နေထိုင်သွားပါမယ်လို့လည်း ကတိသစ္စာပြုပါတယ်။

**သတင်းစဉ်**



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်စဉ်။



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် H.E. Mr.Jaime Nada Roig အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများ၊ UNFPA အကြား ပူးပေါင်းဆောင်ရွက်နေသည့် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မိသားစုစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ လျှောင်ကာလနှင့် လျှောင်ကာလအလွန် မိတ်ဖက်အဖွဲ့အစည်း၏ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စက်သုံးဆီအရောင်းဆိုင်များကို ခေတ်မီလုံခြုံစိတ်ချရသည့် သိုလှောင်စခန်းနှင့် အရောင်းဆိုင်များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ စတင်ပြောင်းလဲကျင့်သုံးသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စက်သုံးဆီတင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်သည်။

စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးခြင်း လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် စက်သုံးဆီသိုလှောင်စခန်းနှင့် အရောင်းဆိုင်များအား ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ခေတ်မီလုံခြုံစိတ်ချရသော သိုလှောင်စခန်းနှင့် အရောင်းဆိုင်များဖြစ်စေရေး၊ ပြည်တွင်းစက်သုံးဆီလိုအပ်ချက်အား ပြတ်လပ်မှုမရှိစေဘဲ ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်ရေး၊ သတ်မှတ်အရည်အသွေး အခြင်အတွယ် ပြည့်မီမှန်ကန်စေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သော ရောင်းဈေးနှုန်းများအတိုင်း ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းများရှိ သိုလှောင်စခန်းများနှင့် အရောင်းဆိုင်များတွင် Real Time Online Monitoring နှင့် CCTV တပ်ဆင်ပြီး ခေတ်မီလုံခြုံစိတ်ချရမှုရှိသည့် စနစ်အတွက် အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုပါ ဖော်ဆောင်လျက်ရှိသည်။

သိုလှောင်စခန်းများနှင့် အရောင်းဆိုင်များတွင် Real Time Online Monitoring နှင့် CCTV စနစ်များ တပ်ဆင်ခြင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတပ်ဆင်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် တပ်ဆင်ပြီးစီးခဲ့သည့် စနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပျက်စီးမှုများအား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကာ စွမ်းအင်ဝန်ကြီးဌာနကလည်း လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းသည် ပြည်တွင်း၌ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရန်၊ ပြည်ပစက်သုံးဆီတင်သွင်းမှုမှစ၍ End User အထိ Supply Chain တစ်ခုလုံးအား စောင့်ကြည့်ထိန်းသိမ်းကြီးကြပ်နိုင်ရန်၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သော အစီအမံများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်း စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီအဖွဲ့အစည်းများ အားလုံးပါဝင်သည့် Supply Chain တစ်ခုလုံးအား Online စနစ်ဖြင့် စောင့်ကြည့်ဖြည့်ဆည်းပေးသည့် စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်များ ရယူဆောင်ရွက်ရသည့်အပြင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုမရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း သိရသည်။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရပြီး စွမ်းအင်ဝန်ကြီးဌာနကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် စနစ်တကျ ထိန်းသိမ်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ကျိုက်မရောမြို့နယ်၌ (၃၈)ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ မြို့နယ်အဆင့် ဆုချီးမြှင့်

**ကျိုက်မရော အောက်တိုဘာ ၂၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ မြို့နယ်အဆင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျိုက်မရောမြို့ ဇေတဝန်ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးက (၃၈) ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ မြို့နယ်အဆင့် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လျှောက်ထားပြီး ဗဟိုဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)အသင်းဒုဥက္ကဋ္ဌ ဦးကြည်သိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဆက်လက်၍ (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ မြို့နယ်အဆင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ကျိုက်မရော(ပြန်/ဆက်)

# သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံ ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသားကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍



သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင် ကျောင်းအပ်လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၁၁၂ ဦးရှိကြောင်း သိရှိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာ အသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ယခုလနှောင်းပိုင်းတွင် အာရှခရီးစဉ်စတင်မည်

**ဝါရှင်တန် အောက်တိုဘာ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုလနှောင်းပိုင်းတွင် အာရှခရီးစဉ် စတင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါခရီးစဉ်တွင် ဂျပန်ဝန်ကြီးချုပ်သစ်နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

အာရှခရီးစဉ်အဖြစ် မလေးရှား၊ ဂျပန်နှင့် အခြားနိုင်ငံများသို့လည်း သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတထရမ့်က သတင်းထောက်များကို အောက်တိုဘာ ၂၀ ရက်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်သည် ပထမဆုံး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာ ၂၆ ရက်တွင် စတင်ကျင်းပမည့် အာဆီယံအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။ ထို့နောက် ဂျပန်နိုင်ငံ၌ အောက်တိုဘာ ၂၇ ရက်တွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဂျပန်ခေါင်းဆောင်သစ်နှင့်တွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် တိုကျိုမြို့အနီး ယိုကိုဆူကာရှိ အမေရိကန် လေတပ်စခန်း၌ အမေရိကန် တပ်ဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။

ထို့နောက် အမေရိကန်သမ္မတ ထရမ့်သည် တောင်ကိုရီးယားသို့ ဆက်လက် ထွက်ခွာမည်ဖြစ်ပြီး ယခုလကုန်တွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး (APEC) သို့ တက်ရောက်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အာရှခေါင်းဆောင်များက ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာသော ပထမဆုံးအမျိုးသမီး တာကာအိချီဆာနဲကို ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြား

**တိုကျို အောက်တိုဘာ ၂၁**

အိန္ဒိယဝန်ကြီးချုပ်က ဂျပန်ဝန်ကြီးချုပ်သစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် တာကာအိချီဆာနဲကို ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုက်သည်။ တာကာအိချီဆာနဲသည် ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာသည်။

အိန္ဒိယ-ဂျပန် အထူးမဟာဗျူဟာနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် ဆာနဲနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ကြား နက်နဲသော ဆက်ဆံရေးသည် အင်ဒို - ပစိဖိတ်ဒေသသာမက ထို့ထက်ကျော်လွန်၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ပြည့်စုံကြွယ်ဝရေးတို့အတွက် အသက်တမျှအရေးပါကြောင်း မိုဒီက ဆက်လက်ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ်သစ် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်ပတ်သက်၍ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်ကလည်း ဆာနဲအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

ကွာလာလမ်ပူ၌ မကြာမီကျင်းပမည့် အာဆီယံ-ဂျပန်ထိပ်သီးဆွေးနွေးပွဲမှလည်း ကြိုဆိုသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**



## ပါကစ္စတန်နိုင်ငံ၌ အသက်ငါးနှစ်အောက်ကလေးငယ် ၄၃ သန်းကျော် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

**အစ္စလာမ္မာဘတ်အောက်တိုဘာ၂၁**

ပါကစ္စတန်နိုင်ငံ၌ အသက်ငါးနှစ်အောက်ကလေးငယ် ၄၃ ဒသမ ၉ သန်းကျော်ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပြီး ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လေးကြိမ်မြောက် ပိုလီယိုရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုကို အောင်မြင်စွာ အဆုံးသတ်ခဲ့ကြောင်း အမျိုးသားအရေးပေါ် စီမံခန့်ခွဲမှုစင်တာက အောက်တိုဘာ ၂၀ ရက်က ပြောသည်။

ပိုလီယိုရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုကို အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် ဒေသအားလုံးတွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ကလေးငယ် ၂၃ ဒသမ ၁ သန်းကျော်ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း၊ ထို့အပြင် တောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ ကလေးငယ် ၁၀ ဒသမ ၅ သန်း၊ အနောက်မြောက်ပိုင်း ခေဘာပတ်ခ်တွန်ခွာပြည်နယ်၌ ၆ ဒသမ ၁၈ သန်းနှင့် အနောက်တောင်ပိုင်း ဘာလိုချစ္စတန်ပြည်နယ်၌ ၂ ဒသမ ၆ သန်းတို့ကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။




မြို့တော် အစ္စလာမ္မာဘတ်တွင် ကလေးငယ်ပေါင်း ၄၇၉၀၀၀ ကျော်ကို ပိုလီလိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဩစတြေးလျနိုင်ငံ၌ စံချိန်တင်အဆိုးရွားဆုံး တုပ်ကွေးရာသီနှင့် ကြုံတွေ့နေ

**မဲလ်ဘုန်း အောက်တိုဘာ ၂၁**

ဩစတြေးလျနိုင်ငံ၌ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ဓာတ်ခွဲခန်းအတည်ပြု တုပ်ကွေးလူနာ ၄၁၀၀၀၀ ကျော်ရှိလာပြီဖြစ်သောကြောင့် စံချိန်တင်အဆိုးရွားဆုံး တုပ်ကွေးရာသီနှင့် ကြုံတွေ့နေကြောင်း သိရသည်။

အဆိုပါအရေအတွက်ပမာဏသည် ယမန်နှစ်က စံချိန်တင်ထားသော ရောဂါဖြစ်ပွားမှုအရေအတွက် ၃၆၅၀၀၀ ထက် ကျော်လွန်သွားပြီဖြစ်ကြောင်း တော်ဝင်ဩစတြေးလျဆရာဝန်ကြီးများအသင်း (အာရ်အေစီဂျီပီ)က ပြောကြားသည်။

ဩစတြေးလျနိုင်ငံ၏ တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုမှာ လူအယောက် ၁၀၀၀၀၀ လျှင် ၁၅၂၅ ဦးခန့် ဖြစ်ပွားလျက်ရှိပြီး ၂၀၂၄ ခုနှစ်ကထက် ၁၁ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း အာရ်အေစီဂျီပီက ပြောသည်။ ကူးစက်ဖြစ်ပွားသူ ၄၄၅၀၀ ကျော်မှာ အသက်ငါးနှစ်အောက် ကလေးငယ်များဖြစ်သည်။

တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်နေသော်လည်း တုပ်ကွေးကာကွယ်ဆေးထိုးနှံမှုမှာ ရပ်တန့်နေကြောင်း သိရသည်။ ယခုနှစ်အတွင်း အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ် ၂၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၆၅ နှစ်အထက်ရှိသူ ၆၀ ဒသမ ၅ ရာခိုင်နှုန်းသာ ကာကွယ်ဆေးထိုးနှံထားသည်။ **ဆင်ဟွာ**

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီးနောက် လူသားချင်းစာနာမှုအကူအညီပေးရေး ကုန်တင်ယာဉ်အစီးရေ ၉၈၀ ဂါဇာကမ်းမြောင်သို့ ဝင်ရောက်

ဂါဇာ အောက်တိုဘာ ၂၁

**အောက်တိုဘာ ၁၀ ရက်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုစတင်အသက်ဝင်ပြီးနောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကုန်တင်ယာဉ်အစီးရေ ၉၈၀ သာလျှင် ဂါဇာကမ်းမြောင်သို့ ဝင်ရောက်မှုရှိသောကြောင့် မျှော်မှန်းထားသည့် အစီးရေ ၆၆၀၀ နှင့် နှိုင်းယှဉ်လျှင် အလွန်လျော့နည်းနေသေးကြောင်း ဟားမားစ်အဖွဲ့ထိန်းချုပ်သည့် မီဒီယာရုံးက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။**

ဒေသခံများ၏ နေ့စဉ်ဘဝအတွက် မှီခိုအားထားပြုနေရသော ထောက်ပံ့ရေးပစ္စည်းများ ပြတ်လပ်မှု ဆိုးဆိုးရွားရွားကြုံတွေ့နေရချိန်၌ ချက်ပြုတ်ရာတွင် အသုံးပြုသည့် ဓာတ်ငွေ့တင်ဆောင်လာသော ကုန်တင်ယာဉ် ၁၄ စီးနှင့် မုန့်ဖုတ်လုပ်ငန်း၊ မီးစက်များ၊ ဆေးရုံများနှင့် အခြားသောအရေးကြီးကဏ္ဍများအတွက် အသုံးပြုရန် ဒီဇယ်ဆီများ တင်ဆောင်လာသော ကုန်တင်ယာဉ် ၂၈ စီးပါ ယာဉ်တန်းရောက်ရှိလာကြောင်း အဆိုပါမီဒီယာရုံးက ပြောသည်။

ထို့အပြင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုရရှိပြီးနောက် ဂါဇာကမ်းမြောင်သို့ နေ့စဉ် ကုန်တင်ယာဉ်အစီးရေ ၈၉ စင်းကျော်သာ ဝင်ရောက်မှုရှိကြောင်း၊ ယင်းမှာ မျှော်မှန်းထားသော နေ့စဉ် ဝင်ရောက်မှု ကုန်တင်ယာဉ်အစီးရေ ၆၀၀ နှင့် နှိုင်းယှဉ်လျှင် အလွန်နည်းပါးကြောင်း သိရသည်။

အကန့်အသတ်ဖြင့် ရရှိနေသော ထောက်ပံ့ရေးပစ္စည်းများမှာ အနည်းဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူမှုဘဝလိုအပ်ချက်ကိုပင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပေ။ ထို့ကြောင့် အစားအသောက်၊ ဆေးဝါး၊ ကယ်ဆယ်ရေးပစ္စည်း၊ စက်သုံးဆီနှင့် ချက်ပြုတ်ရာတွင်အသုံးပြုသည့် ဓာတ်ငွေ့အပါအဝင် တစ်နေ့လျှင် ကုန်တင်ယာဉ်အစီးရေ ၆၀၀ ထက်မနည်း အမြန်ဆုံးနှင့်စဉ်ဆက်မပြတ် ဝင်ရောက်ခွင့်ပြုရန် တောင်းဆိုထားသည်။ **ဆင်ဟွာ**



# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၀ နှင့် အမျိုးသမီး ခြောက်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး သုံးဦးတို့သည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သုံးခွမြို့နယ်၊ ဒလမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး သုံးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၊ မုံရွာမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး သုံးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုံးမဩဝါဒစကား ပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MK-12 တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၁၂ ဗို့ကျည်ကိုးတောင့်၊ လက်လုပ်ပစ္စတိုတစ်လက်နှင့် လက်လုပ်ပစ္စတိုကျည်အိမ်တစ်ခုတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် ဆုကြေးငွေကျပ်သိန်း ၂၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၂၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–




### အမျိုးသမီး

သမီးတို့ရွာကနေ သူငယ်ချင်းရှိရာကို အလည်သွားရင်းနဲ့ လမ်းမှာ PDF အဖမ်းခံရပြီး ထောင်ကျခံမလား စစ်မေလုပ်မလား အကျပ်ကိုင်မေးခဲ့လို့ စစ်မေလုပ်ရင် လွတ်လမ်းရှိတယ်လို့ တွေးမိပြီး PDF ထဲ ရောက်ရှိခဲ့ပါတယ်။ သင်တန်းကိုတော့ မင်းကင်းမြို့နယ် ထန်းပင်ချောင်းရွာအနီးက တောတိုက်ထဲမှာ ယောကျ်ားမိန်းမအင်အား ၂၀ နဲ့အတူ နှစ်လတက်ခဲ့ရပါတယ်။ သင်တန်းကိုတော့ စစ်သင်တန်း၊ လက်နက်ငယ်နဲ့ မိုင်းလုပ်နည်း၊ မိုင်းထောင်နည်းတွေကို သင်ကြားပေးပါတယ်။ သင်တန်းဆင်းတော့ သူတို့အတွက် ထမင်းဟင်းချက်ပြုတ်ရေးနဲ့ လုံခြုံရေးကင်းတာဝန်တွေကို ထမ်းဆောင်ခဲ့ရပါတယ်။ သမီး PDF ထဲ ဝင်ရောက်ချိန်မှာ PDF အကြမ်းဖက်အဖွဲ့တွေက ဂိတ်တွေမှာ ဆက်ကြေးကောက်တယ်။ လူတွေကိုလည်း ဖမ်းပြီးအနိုင်ကျင့်တယ်။ သူတို့ထဲကို အတင်းအကျပ်ဝင်စေတယ်။ ဝင်တဲ့သူတွေကိုလည်း ထောင်ချတယ်။ သတ်ပစ်တယ်။ ရွာထဲကလူတွေကိုလည်း လက်နက်အားကိုးနဲ့ အနိုင်ကျင့်တယ်။ နှိပ်စက်တာတွေလုပ်တယ်။ သမီးက အစောကတည်းက သူတို့ထဲကို ဝင်ချင်ခဲ့တာမဟုတ်ပါဘူး။ ဖမ်းဆီးမခံရဖို့အတွက် စစ်မေလုပ်ခဲ့ပြီး အခွင့်အရေးရတာနဲ့ လုံခြုံရေးစခန်းမှာ အလင်းဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ မိဘတွေဆီကို ပြန်ရတော့မှာမို့ အလွန်ဝမ်းသာမိပါတယ်။ ပြီးတော့ ဒီဇင်ဘာလမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ သမီးကိုယ်တိုင်လည်း မဲပေးမယ်။ PDF အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့သူတွေကိုလည်း ပြောချင်တာကတော့ သူတို့ပြောသလို အလင်းဝင်ရင် ဖမ်းဆီးမယ်။ ထောင်ချမယ်။ နှိပ်စက်မယ်ဆိုတာ မဟုတ်ပါဘူး။ အခုလို နွေးနွေးထွေးထွေး ကြိုဆိုပြီး ထောက်ပံ့မှုတွေ လုပ်ပေးတာ သမီး ကိုယ်တွေ့ပါပဲ။ ဒါကြောင့် အချိန်မနှောင်းခင် အမြန်ဆုံး အလင်းဝင်ရောက်ကြဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။

### အမျိုးသား

ကျွန်တော်အရင်က မန္တလေးမြို့မှာ ပန်းပုထုတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၂ ခုနှစ်က




ကျွန်တော်ရွာကို ရောက်ပြီးတော့ ဆိုင်ကယ်နဲ့ ဈေးရောင်းတဲ့ လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၃ ခုနှစ် ၁၁ လပိုင်းမှာ သူငယ်ချင်းက မင်းသေနတ်ကိုင်ချင်လား၊ မင်း သေနတ်ကိုင်ဖူးချင်လား၊ သေနတ်ပစ်ဖူးချင်လား၊ ပစ်ဖူးကိုင်ဖူးချင်ရင် ငါနဲ့လိုက်ခဲ့ဆိုပြီးခေါ်ဆောင်သွားတဲ့အတွက် ကျွန်တော် အကြမ်းဖက် PDF စခန်းကို လိုက်သွားခဲ့ပါတယ်။ အဲဒီနောက်မှာ သူတို့ရဲ့ အကြမ်းဖက်ခေါင်းဆောင်က ကျွန်တော့်ကို ပြန်ရင်မိဘတွေကို သတ်ပစ်မယ်ဆိုပြီးတော့ ခြိမ်းခြောက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် PDF ထဲကို ဝင်ခဲ့ရပါတယ်။ သင်တန်းမှာတော့ လက်နက်ငယ်ပစ်နည်း၊ မိုင်းထောင်နည်း၊ မိုင်းခွဲနည်းတို့ကို သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော်သင်တန်းဆင်းတော့ ထမင်းအချက်အပြုတ်နဲ့ ကင်းစောင့်တာဝန်ကို ယူခဲ့ရပါတယ်။ ကျွန်တော် အကြမ်းဖက်လုပ်ရပ်တွေမှာ မပါဝင်ခဲ့ပါဘူး။ တစ်ခါတလေမှာ သူတို့ရွာထဲမှာ ဆက်ကြေးသွားကောက်တဲ့ အချိန်မှာ ကျွန်တော်လိုက်ခဲ့ရပါတယ်။ နောက်ပြီးရင် ကျွန်တော်တို့ အဝင်အထွက်လမ်းတွေ ရွာက တံတားလမ်းတွေမှာလည်း ကျွန်တော် သူတို့လုံခြုံရေးအတွက် ကင်းစောင့်ပေးခဲ့ရပါတယ်။ ကျွန်တော် PDF အကြမ်းဖက်ထဲ ရောက်တဲ့အချိန်မှာ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်တဲ့ ဝါဒကို ကျွန်တော်တွေ့ကြုံခဲ့ရပါတယ်။ နောက်ပြီးရင် လူကြီးပိုင်းတွေကတော့ လမ်းတံတားတွေ၊ ဂိတ်တွေမှာရတဲ့ ဆက်ကြေးငွေတွေနဲ့ ရွာသူရွာသားတွေဆီက ကောက်ခံလို့ရတဲ့ ဆက်ကြေးငွေတွေနဲ့ အဆင်ပြေနေပြီးတော့ ကျွန်တော်တို့ လက်အောက်ကလူတွေကျတော့ ထမင်းတောင်မှ မဝရေစာ စားခဲ့ရပါတယ်။ ဖျားနာလာတဲ့အချိန်မှာလည်း ဆေးကုသဖို့ ဆရာဝန်မရှိဘူး။ နေရတာလည်း လုံးဝအဆင်မပြေပါဘူး။ ကြုံသလို ဖြစ်သလိုနေရပါတယ်။ သူတို့နဲ့ အဆင်ပြေတဲ့သူတွေကျတော့ ကောင်းကောင်းမွန်မွန်နေရတယ်။ ဘာမှ မလုပ်ရဘူး။ ကြီးနိုင်ငယ်ညှဉ်း နှိပ်ကွပ်မှုတွေလည်း ကျွန်တော် ကြုံတွေ့ခဲ့ရပါတယ်။ အဆိုးဆုံးကတော့ ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာကတော့ အဆိုးဆုံးပါပဲ။ ကျွန်တော်အလင်းဝင်ရောက်ခဲ့တာကတော့ သူတို့ရဲ့ လုပ်ငန်းတွေ၊ မတရားမှုတွေကို မကြိုက်လို့ အလင်းဝင်ရောက်ခဲ့တာပါ။ ဆရာဆရာမတွေကို သတ်ဖြတ်တာ၊ ရဟန်းသံဃာတွေကို သတ်ဖြတ်တာကအစ ကျွန်တော်လက်မခံနိုင်လို့ သူတို့ရွာတွေမှာ ဆက်ကြေးကောက်နေတဲ့အချိန်မှာ ကျွန်တော်အခွင့်သာလို့ ထွက်ပြေးလာပြီးတော့ နီးစပ်ရာစခန်းမှာ ကျွန်တော်အလင်းဝင်ခဲ့ပါတယ်။ ကျွန်တော်အလင်းဝင်ရောက်တဲ့အခါမှာ ကျွန်တော်တစ်ခုခုများ ဖြစ်မလားဆိုပြီးတော့ စိုးရိမ်စိတ်ကြီးနဲ့ တွေးမိပါတယ်။ တကယ်တမ်းကျတော့ အစိုးရနဲ့ တပ်မတော်က ကျွန်တော်တို့ကို နွေးထွေးစွာကြိုဆိုတယ်။ အစားအစာနဲ့ ထောက်ပံ့ကြေးငွေတွေ ပေးတယ်။ ကျန်းမာရေးကအစ စစ်ဆေးပေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို နေစရာတွေပေးတယ်။ နောက်ပြီး ကျွန်တော်တို့မိသားစုနဲ့အတူ အမြန်ဆုံးပြန်နေခွင့်ရအောင် စီစဉ်ပေးလို့ ကျွန်တော်တို့ အစိုးရနဲ့ တပ်မတော်က လူကြီးတွေကို ကျွန်တော်ကျေးဇူးအထူးတင်ပါတယ်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂၁**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး(ယာပုံ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သည့် စာဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြု စာပေဗိမာန်စာအုပ်ပြခန်း၊ သိပ္ပံပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ ခတ်ပုံပြပွဲများ၊ ပုဂ္ဂလိကစာအုပ်အရောင်းဆိုင်များနှင့် ရုပ်ပုံဆက်၊ စကားလုံးဆက် ပျော်ပွဲရွှင်ပွဲ၊ ကျပန်းစကား ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာပေဟောပြောပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများအတွက် စတုဒိသာများပေးဝေသည်။

ထို့နောက် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများလေးများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့ သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူလေးများက မွန်တိုင်းရင်းသားရိုးရာ အကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေးအတွက် အလှူငွေ ကျပ်သိန်း ၅၀ ကို လည်းကောင်း၊ မွန်ပြည်နယ်စာကြည့်တိုက်များ ဖေါင်ဒေးရှင်းက ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို လည်းကောင်း၊ အလှူရှင်များက အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စကားရည်လု၊ ကျပန်း၊ ပုံပြင်ပြော၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။



**စည်သူ(ပြန်/ဆက်)**

# ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ပြည်တွင်းရှိ ကျေးရွာပေါင်း ၂၅၀ တွင် ဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၂၁**

ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းတွင် ပါဝင်သည့် ကျေးရွာများမှ ဝင်ငွေတိုးပွားရေးကဏ္ဍပြပွဲကို ယနေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရေဆင်း)၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါပြပွဲတွင် စီမံကိန်းကျေးရွာများ ဖြစ်သည့် နေပြည်တော် ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာမှ ထုတ်လုပ်သော စပါးမျိုးစေ့အမျိုးမျိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝဲကြီးကျေးရွာမှ Recycle အမှိုက်အိတ်နှင့် ဟာလဝါ၊ အုန္နဲကုန်း ကျေးရွာမှ ဆပ်ပြာဆီ၊ ပဲခူးမြို့နယ် တောင်သူစုကျေးရွာနှင့် မယင်းရွာမ ကျေးရွာတို့မှ ဆပ်ပြာဆီအမျိုးမျိုး၊ ပျော်ဘွယ်မြို့နယ် မယ်ဇလီအိုင့်ကျေးရွာမှ ဖိနပ်နှင့် လက်ဆွဲခြင်းအမျိုးမျိုး၊ ကလောမြို့နယ် လက်ပံပင်ကျေးရွာမှ ထောပတ်သီး၊ နောင်လယ်ကျေးရွာမှ သနပ်ဖက်၊ သာမိုင်းခမ်းကျေးရွာမှ စတော်ဘယ်ရီဝိုင်နှင့် ဂျင်းလက်ဖက်ရည်ထွက်ကုန်၊ တောင်ကြီးမြို့နယ် ဘန်းကန်နှင့် လူရိုးတောင်ကျေးရွာတို့မှ မြန်မာမျိုးရင်း ကြက်သွန်ဖြူ၊ ညောင်စဉ်ကျေးရွာနှင့် ကျောက်စုကျေးရွာတို့မှ ထောပတ်သီး ထွက်ကုန်များကို ပြသကြသည်။

လက်ရှိတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်သည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ပြည်တွင်းရှိ ကျေးရွာပေါင်း ၂၅၀ တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ပြပွဲနှင့်အတူ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးရေးကဏ္ဍ၊ ဝင်ငွေတိုးပွားရေးကဏ္ဍတို့တွင် အကောင်းဆုံး ဆောင်ရွက်နိုင်သည့် ကျေးရွာများကို ဆုများချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနသည် ပြပွဲနှင့်အတူ ကျေးရွာသစ်လှုပ်ရှားမှု မွမ်းမံသင်တန်း (၁/၂၀၂၅) ကို စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရေဆင်း)၌ ယနေ့ဖွင့်လှစ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း တာဝန်ခံ များ၊ စီမံကိန်းဝင်ကျေးရွာ ၄၄ ရွာမှ ကျေးရွာခေါင်းဆောင်များ၊ တောင်သူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃၁ မီလီမီတာမှ ၄၁ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

## ပင်းတယမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**ပင်းတယ အောက်တိုဘာ ၂၁**

ပင်းတယမြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးစေခြင်းကို ပွင့်လန်းကျေးရွာ ဘုန်းကြီးကျောင်း၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပသည်။



ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ဟန့်တားဖျက်ဆီးခြင်းနှင့်ကာကွယ်ပေးရေးဥပဒေမှ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**



## တံတားဦးမြို့၌ ဝါးခမောက်ရက်လုပ်နည်း သင်တန်း အခမဲ့ဖွင့်လှစ်

**တံတားဦး အောက်တိုဘာ ၂၁**

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဝါးခမောက်ရက်လုပ်နည်း အခမဲ့သင်တန်းကို အောက်တိုဘာ ၂၀ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် ဒေါ်စန်းစန်းအေးက ဝါးခမောက်ရက်လုပ်နည်းသည် အလွန်လွယ်ကူပြီး ဝါးခမောက်သည် မိမိတို့၏ ဦးခေါင်းအား အရိပ်အဖြစ်ကာကွယ်ပေးကြောင်း ရှင်းလင်းပြောကြားပြီး ဝါးခမောက်ရက်လုပ်နည်းကို လက်တွေ့သင်ကြားပေးသည်။

**ရဲတင့်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီး

**တပ်ကုန်း အောက်တိုဘာ ၂၁**

တပ်ကုန်းမြို့နယ်၌ ကျောင်းအခြေပြု အသက် ကိုးနှစ်မှ ၁၀ နှစ်အရွယ်ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကြိုတင်ကာကွယ်နိုင်ရန် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး (DT)ထိုးနှံခြင်းကို အောက်တိုဘာ ၁၃ ရက်မှ ၂၁ ရက်အထိ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။



ထိုကာကွယ်ဆေးထိုးနှံစုရပ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာရောဂါလက္ခဏာများ၊ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားပါက နောက်ဆက်တွဲဖြစ်ပွားနိုင်သည့် ရောဂါလက္ခဏာများ၊ HPV ပိုး ကူးစက်ခံရပြီး သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနိုင်သည့် အချိန်ကာလများနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ကျောင်းသူများအား အသိပညာပေး ဆွေးနွေးပြောကြားသည်။

တပ်ကုန်းမြို့နယ်၌ ကာကွယ်ဆေးထိုးစုရပ် ၁၅၂ နေရာ ဖွင့်လှစ်ပြီး ကျောင်းပေါင်း ၁၇၆ ကျောင်းမှ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံသည့် ကျောင်းသူပေါင်း ၁၉၂၁ ဦး၊ ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး (DT)ထိုးနှံသည့် ကျောင်းသား ကျောင်းသူပေါင်း ၃၃၃၅ ဦးတို့အား ကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## သဲကုန်းမြို့နယ်၌ စကားပုံဆက်ပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**သဲကုန်း အောက်တိုဘာ ၂၁**

သဲကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စကားပုံဆက်ပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက လူအများစံပြု ပုံခိုင်းပြောဆိုလေ့ရှိသော စကားပုံများကို နားလည်သိရှိစေရန်နှင့် စာဖတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လူငယ်နှင့်ခေါင်းဆောင်မှုအခန်းကဏ္ဍ၊ ရည်ရွယ်ချက်/ရည်မှန်းချက်၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ စကားပုံဆက်ပြိုင်ပွဲကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

## ပြည်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

**ပြည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ ကျင်းပသည်။



ပြိုင်ပွဲများသို့ ပြည်မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အခြေခံပညာကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၃ ဦးနှင့် အလယ်တန်းအဆင့် ၂၅ ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၁ ဦးနှင့် အလယ်တန်းအဆင့် ၂၂ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် မူလတန်းအဆင့် ၂၉ ဦးနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် မူလတန်းအဆင့် ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်

**မြို့သစ် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးက ကံကြီးဓာတ်အားခွဲစက်ရုံမှ လျှပ်စစ်ဓာတ်အားရယူအသုံးပြုသော ၃၃ ကေဗွီ မြို့သစ်ဓာတ်အားလိုင်း တစ်လျှောက်ကွင်းဆင်းသွားရောက်ပြီး ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက မြို့သစ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားရယူအသုံးပြုသော ၃၃ ကေဗွီ ဓာတ်အားလိုင်း တစ်လျှောက်ကွင်းဆင်းစစ်ဆေးပြီး ယိုင်နဲ့နေသော ဓာတ်အားလိုင်းတိုင်များကို ကြံ့ခိုင်မှုရှိစေရန် ပြန်လည်တည့်မတ်ခြင်း၊ ကြွေသီးဟောင်းများလဲလှယ်ခြင်းနှင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**

## သဃ်န်းကျွန်းခရိုင်၌ လူငယ်နှင့် ပရဟိတ အသိပညာပေး စကားဝိုင်းကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်နှင့် စာရေးဆရာမ သုခေတ်မေတို့က လူငယ်နှင့်ပရဟိတခေါင်းစဉ်ဖြင့် အသိပညာပေး စကားဝိုင်းကျင်းပသည်။

ဦးစွာ စာရေးဆရာမ သုခေတ်မေက လူငယ်ဟူသည် အနာဂတ်အတွက် အားကိုးအားထားရမည့် လူသားအရင်းအမြစ်များဖြစ်ကြောင်း၊ ပရဟိတအလုပ်သည် ကိုယ်ကျိုးစွန့်လွှတ်ပြီး အနစ်နာခံကာလုပ်ဆောင်ရသည့်အလုပ်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက လူငယ်များ ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် လုပ်ဆောင်နေခြင်းသည် မွန်မြတ်သည့် လုပ်ဆောင်မှုဖြစ်ကြောင်း၊ ပရဟိတကဏ္ဍတွင် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးစရိတ်ရှာဖွေပေးခြင်း၊ အလုပ်လက်မဲ့များအား အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးခြင်း၊ ဒုက္ခရောက်နေသူများအား ကယ်တင်ပေးခြင်း စသည့်လုပ်ဆောင်ခြင်းများကို ကြားသိတွေ့မြင်နေရကြောင်း၊ မိဘမဲ့ကလေးများအား ပို့ဆောင်ကူညီပေးနေကြောင်း ဆွေးနွေးခဲ့သည်။

**ဇော်မိုး(သဃ်န်းကျွန်း)**



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို ခရမ်းမြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ မြေစိုက်နံရံကပ်ဘုတ်တို့၌ ကပ်ထားကြေညာပေးထားရာ ပြည်သူများ လာရောက်ကြည့်ရှုစဉ်။

ခရမ်း(ပြန်/ဆက်)

# ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ကျောင်းအခြေပြုထိုးနှံ

**လွိုင်ကော် အောက်တိုဘာ ၂၁**

ကယားပြည်နယ် လွိုင်ကော်မြို့ အခြေခံပညာကျောင်းများ၌ ဆုံဆို့မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အခြေခံပညာအထက်တန်းကျောင်း KG အတန်းတွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ကာကွယ် ဆေးနှင့် အသက် ၉ နှစ်မှ ၁၀ နှစ်အကြား ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံ ဆောင်ရွက်ပေးနေမှုကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှု အားပေးရာ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည့်အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကာကွယ်ဆေးထိုးနှံရမည့် အုပ်စုဝင်ကလေးငယ်များ ကျန်ရှိမှု မရှိစေရေး စနစ်တကျ စာရင်းများ ပြုစုထိုးနှံဆောင်ရွက်ပေးရန်နှင့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုများကို မပြတ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ကယားပြည်နယ် အတွင်း ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးကို အခြေခံပညာကျောင်းများမှ KG တန်းကလေးငယ် ၈၅၀ အားလည်းကောင်း၊ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို အသက် ၉ နှစ်မှ ၁၀ နှစ် အကြား ကျောင်းသူ ၄၁၂ ဦးအား လည်းကောင်း ထိုးနှံဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်း

**နေပြည်တော် အောက်တိုဘာ ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ် လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Adminis-trative and Technical Staff Mr. Andrew Labrador Agrafvante နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၅၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၂ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Frank William Abianail" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ရပ်ကွက်နေ မင်းပိုင်စိုးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့နံနက် ၉ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

မြန်မာ့အလင်း

## အပူပိုင်းမုန်တိုင်း "ဖန်ရှုန်" အနောက်ဘက်သို့ ရွေ့လျား

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့နံနက်၅နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဖန်ရှုန်"သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ထိုမှတစ်ဆင့် အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ကာ ပိုမိုအားကောင်းလာပြီး နောက် ၆ နာရီအတွင်း အားကောင်းသောအပူပိုင်းမုန်တိုင်း "ဖန်ရှုန်" အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

မြန်မာ့အလင်း



# မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည့် တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံလျက်ရှိ



တောင်ငူ အောက်တိုဘာ ၂၁

**မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံလျက်ရှိပြီး လုံးတော်ပြည့်မျက်ပါးရွှေဆိုင်းကပ်လှူပူဇော်နိုင်ရေးနှင့် ရွှေစင်ရွှေပြား ကိုးလက်မပတ်လည် ထပ်မံကပ်လှူပူဇော်၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပြန်လည်ပူဇော်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးမှ သိရသည်။**

တောင်ငူမြို့၏ ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးသည် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ကြောင့် ထီးတော်မဏ္ဍိုင် တိမ်းစောင်းခဲ့ခြင်း၊ ငှက်ပျောဖူးတော်၊ ပန်းတင်ခုံ၊ အထက်အောက်ပစ္စယံနှင့်အရံစေတီတော်များ ထိခိုက်အက်ကွဲပျက်စီးခဲ့ခြင်းအတွက် CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး မိသားစု၏ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိပြီး လုံးတော်ပြည့်ရွှေသင်္ကန်း ရွှေဆိုင်း ၄၀၀၀ ကပ်လှူနိုင်ရန်အတွက် မူလအလှူရှင်များအပြင် စေတနာရှင်အလှူရှင်များ မျက်ပါးရွှေဆိုင်းတစ်ဆိုင်းလျှင် (အရွက်- ၁၀၀)ပါ ၃၄၀၀၀၀၊ ရွှေစင်ရွှေပြား ကိုးလက်မပတ်လည် ထပ်မံပူဇော်ရန် တစ်ချပ်လျှင် ၈၃၀၀၀၀၀ တို့အား ကမ္ပည်းထိုး၍ ခုနစ်ရက်သားသမီးများ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ရန် ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဖုန်း ၀၉ - ၅၃၅၀၈၅၀၊ ၀၉ - ၇၉၂၅၅၅၂၄၊ ၀၉ - ၄၂၈၁၃၁၂၈၂၊ ၀၉- ၄၅၄၃၆၆၄၈၅၊ ၀၉- ၅၃၅၂၂၁၇၊ ၀၉- ၅၃၅၁၃၃၁ နှင့် ၀၉- ၄၂၈၀၃၇၅၈၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင် လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသောအလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့ ဖုန်း ၀၉ ၄၂၀၇၀၁၄၅၄၊ ၀၉ ၄၃၀၆၇၁၆၈ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော်အပါး ၁၇၀၊ အာဂုံပြန် စာရင်းသွင်းသံဃာ ၂၆၁ ပါး၊ သဘောရေးဖြေ စာရင်းသွင်းသံဃာ ၂၆၄ ပါး စုစုပေါင်း ၇၁၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်(စနေနေ့)မှ ဒီဇင်ဘာ ၈ ရက် (တနင်္လာနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးစင်တာအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (င)၊ ၄၃ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးစင်တာအတွင်း လက်ခံစောင့် ရှောက်သင်ကြားပေးလျက်ရှိသော သင်တန်းသူများအား ကျန်းမာရေး စောင့်ရှောက်မှု၊ ကျွေးမွေးမှု၊ အိပ်ဆောင်များတွင် သင်တန်းသူများထားရှိမှု၊ ကျောင်းပြင်ပ ပညာသင်ကြားပေးမှု၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိမှု၊ အားကစားလှုပ်ရှားဆောင်ရွက်နိုင်မှု၊ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးမှုနှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သတင်းရရှိသည်။

သတင်းစဉ်

# ဆိပ်ကြီးခနောင်တိုမြို့နယ်၌ သဘာဝဘေးအသိပညာပေး ဟောပြော

**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အထက-ခနောင်တို) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူးရုံး(သန်လျင်) မှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦး H ကံထူးက အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်သဉ္ဇာဦး ဦးဆောင်၍ဝန်ထမ်းများက မုန်တိုင်းဘေး၊ ငလျင်ဘေး၊ မိုးကြိုးဘေးအန္တရာယ် စသည့်သဘာဝဘေးအန္တရာယ်များအကြောင်း နှင့် ကြိုတင်ပြင်ဆင်ဆောင်ရန်/ ရှောင်ရန်များကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောကြကာ သဘာဝဘေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပဥ္စမအကြိမ် သာမဏေကျော်စာမေးပွဲကြီးနှင့် ဒသမအကြိမ် အင်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**

နာဂပုရသာသနာလင်္ကာရအသင်းကြီးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် ပဥ္စမအကြိမ် နာဂပုရသာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုနေကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် အလှူငွေများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ သာမဏေကျော်စာမေးပွဲကြီးတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရဟန်း၊ သာမဏေ၊ သီလရှင် လာရောက်ဖြေဆိုမှုအနေဖြင့် တတိယအဆင့်တွင် ၂၅၄ ပါး၊ ဒုတိယ အဆင့်တွင် ၈၁၂ ပါး၊ ပထမအဆင့်တွင် ၁၇၉၈ ပါး၊ ဥပစာတန်းတွင်အပါး ၁၂၀၊ မူလတန်းတွင် ၃၃၄ပါး စုစုပေါင်း အပါး ၃၃၀၀ ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ်ခန်းမ၌ ကျင်းပသည့် ဒသမအကြိမ် အင်းသားအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒသမအကြိမ် အင်းသားအမျိုးသားနေ့ အထိမ်းအမှတ် လူထုဆွေးနွေးပွဲမှ တွေ့ရှိချက်များကို အဆိုတင်သွင်းခြင်း၊ သဘာပတိက အတည်ပြုခြင်းတို့ကို အခမ်းအနား အစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ညောင်ရွှေမြို့ ဖူဆယ်ကွင်း၌ ဒသမအကြိမ် အင်းသားအမျိုးသားနေ့ အထိမ်းအမှတ် ညောင်ရွှေမြို့နယ် ကျောင်းပေါင်းစုံ ကျောင်းသားလူငယ်ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရွှေညောင်မြို့ ကုန်းလှိုင်သာသနောဒယ စာသင်တိုက်ဓေယျသိရီ ဓမ္မာရုံ၌ ရပ်ကွက်/ကျေးရွာများရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသအတွက် လိုအပ်ချက်ရှိသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရပ်မိရပ်ဖနှင့် ပြည်သူများက ဒေသလိုအပ်ချက်များ တင်ပြပေးကြစေလိုကြောင်း ပြောကြားပြီး ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



**ဆက်ကပ်လှူဒါန်း**

ထို့နောက် ကုန်းလှိုင်သာသနောဒယစာသင်တိုက်ရှိ ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# လယ်ဝေးမြို့နယ်၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့်တွေ့ဆုံ၊ မဲဆန္ဒရှင်စာရင်းလာရောက်ကြည့်ရှုနေမှုများကို အားပေး

**လယ်ဝေး အောက်တိုဘာ ၂၁**

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ်အတွင်း မဲစာရင်းအပါအဝင် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများနှင့် လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်က လယ်ဝေးမြို့နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းတွင် မပါသင့်သူများ မပါစေရေး၊ ပါသင့်ပါထိုက် (၁၈)နှစ်ပြည့်ပြီးသူများ စာရင်းမှန်ကန်ရေး၊ မြို့နယ် (Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီအဖွဲ့နှင့် ပူးပေါင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးခွင့် မဆုံးရှုံးစေရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းတွင် မပါဝင်သေးသူများ ပါဝင်ဆန္ဒမဲပေးနိုင်ရေး၊ လိုအပ်ချက်အရ မြေပြင်အမှန်ရှိပြီး ပုံစံ(၆၆)နှင့် မှတ်ပုံတင်မရှိသူများ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရရှိရေး OSS စနစ်ဖြင့် အမြန်လုပ်ဆောင်ပေးရန်၊ လိုအပ်ပါက ကျေးရွာအုပ်စုအထိ စုစည်း၍ သွားရောက်ဆောင်ရွက်ပေးရန်၊ အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိလာသည့် ပြည်သူများ မဲပေးနိုင်ရေး စသည့်အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် ဆက်လက်ပြီး မိမိတို့ရပ်ကွက်၊ ကျေးရွာ အိမ်ထောင်စုတစ်ခုချင်း ပြောင်းလဲမှု (အတိုး/အလျော့) စာရင်းများ ဆက်လက်၍ မျက်ခြည်မပြတ် ကောက်ယူဖြည့်ဆည်း/ တိုးလျော့လုပ်ရန် လိုကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားကြရေး ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၅) ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုအား ကြည့်ရှုအားပေးကာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုရန် အသိပေးနှိုးဆော်ခြင်း လုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ အခြားမိသားစုဝင်များပါ လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို အမြန်ဆုံးကူညီဖြေရှင်းပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၂၅) သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှုသင်တန်း (Fire Safety Specialist Course) အမှတ်စဉ် (၂/၂၀၂၅) သင်တန်းဖွင့်ပွဲ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် အနာဂတ်ကာလတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအပေါ် ရင်ဆိုင်ကျော်လွှားနိုင်ရန်၊ မီးသတ်တပ်ဖွဲ့အတွင်း Men Power ၊ Equipment Power နှင့် Technology Power တို့ ဟန်ချက်ညီညီ စဉ်ဆက်မပြတ်တိုးတက်လာပြီး ဌာန၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူရရှိနိုင်စေရန်၊ နိုင်ငံတကာမီးသတ်တပ်ဖွဲ့များတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော ခေတ်မီမီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာရပ်များအား အစဉ်တစိုက်လေ့လာပြီး စဉ်ဆက်မပြတ်လေ့ကျင့်နိုင်ရန်၊ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် ထုတ်ပေးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ Online System ဖြင့် လျှောက်ထားခြင်း/ ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို စာတွေ့/ လက်တွေ့ လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ပြီး ဒုတိယအကြိမ်မြောက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် မီးသတ်ဦးစီးဌာနရှိ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးအဆင့်ရှိသူများကို သက်ဆိုင်ရာ ခရိုင်/မြို့နယ်များအလိုက် ခေါ်ယူ သင်ကြားလေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၃၀ တို့ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလအနေဖြင့် အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲပြုလုပ်

**အင်တော အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) အင်တောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အခြေခံပညာ အထက်တန်းကျောင်း (အင်တော) တကောင်းခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် အင်တောမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှလှထွေးက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းကို လည်းကောင်း၊ ရပ်သံကျွမ်းကျင်-၃ ဒေါ်ခိုင်ဇင်ငြိမ်းက လူငယ်နှင့်မူးယစ်ဆေးဝါး စသည့် အကြောင်းအရာများကို ဟောပြောသည်။



ယင်းနောက် ကျောင်းသားကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**အင်တော(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် မြဝတီမြို့နယ် အမှတ် (၁) ချစ်ကြည်ရေးတံတား၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကျောက်မျက်ရတနာဟု ယူဆရသော ကျောက်ခွဲသား၊ ဆွဲကြိုးများနှင့် လက်ကောက်များ အပါအဝင် ကျောက်မျက်ရတနာပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ Toyota Lexus မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် ဖြူးမြို့နယ် ပေါင်းတည်မြို့နယ်နှင့် ပြည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၄၇၉ တန်နှင့်မီးသွေး ၄၅ ပေါင်ဝင် ၁၅ အိတ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၅၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင် တောင်ကြီးမြို့နယ် ရပ်စောက်-ရွှေညောင်လမ်းအနီး၌ မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၁မျိုး၊ လူသုံးကုန်ပစ္စည်းအမျိုး၂၀၊ စားသောက်ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၇၆၃၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus နှစ်စီး၊ Foton Mini Bus တစ်စီး၊ Zeya Light Truck တစ်စီး၊ လိုင်စင်မဲ့ Toyota Alphard နှစ်စီး၊ Toyota Noah တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၇၆၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၅၈၈၄၀ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကြေညာထားရှိ

**နောင်ချို အောက်တိုဘာ ၂၁**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများ၏ အမည်စာရင်းများကို အောက်တိုဘာ ၁၉ ရက်ညနေပိုင်းကစတင်ပြီး နောင်ချိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ ကြေညာထားရှိသည်။



နောင်ချိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးအနေဖြင့် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၄ ရက်အထိ သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်၍ စိစစ်လက်ခံအတည်ပြုထားသော သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများ၏ အမည်စာရင်း ကြေညာချက်ပုံစံများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် တစ်ပြိုင်တည်းကပ်ထားကြေညာမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြဝတီမြို့၌ သင်္ချာပြိုင်ပွဲ ဆုချီးမြှင့်

**မြဝတီ အောက်တိုဘာ ၂၁**

မြဝတီမြို့ရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံတကာအခြေခံ သင်္ချာစွမ်းရည်များ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ Cambridge (IGCSE) Course, Singapore Math Level(3) 3A & 3B ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ပညာရွှေဖူးကိုယ်ပိုင် အလယ်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြဝတီမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းတည်ထောင်သူဥက္ကဋ္ဌ ဦးသန်းရွှေနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ထို့နောက် အဆင့်မြင့်သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အောက်တိုဘာ ၁၆ ရက်တွင် Grade(3)မှ Grade(7)အထိ ရေးဖြေပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၃၉ ဦးအနက် ၁၂၆ ဦးအား စိစစ်ရွေးချယ်ကာ အောက်တိုဘာ ၂၀ ရက်တွင် L.E.D Show Work Level အလိုက် မေးခွန်းများမဲနှိုက်ပြီး ဆက်လက်ယှဉ်ပြိုင်၍ သတ်မှတ်ချိန်အတွင်း ဖြေဆိုနိုင်သူ ကျောင်းသား ကျောင်းသူ ၁၂ ဦးအား ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းစီဖြင့် တာဝန်ရှိသူများက Level အလိုက် ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



# ပူတာအိုမြို့နယ်၌ တောင်သူများအား စက်သုံးဆီဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ပူတာအို အောက်တိုဘာ ၂၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းရှိ တောင်သူများ ၂၀၂၅-၂၀၂၆ မိုးစပါးရိတ်သိမ်းခြင်းနှင့် ဆောင်းသီးနှံများ ထွန်ယက်စိုက်ပျိုးရာတွင် အသုံးပြုနိုင်ရန်အတွက် ဂုဏ်ပွင့်နိုင် စက်သုံးဆီအရောင်းဆိုင်မှ တောင်သူများအား စက်သုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းအခမ်းအနားကို ယနေ့နံနက်က ပူတာအိုမြို့ မူလာရှီးဒီရပ်ကွက်ရှိ ဂုဏ်ပွင့်နိုင် စက်သုံးဆီအရောင်းဆိုင်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး သန်းနိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေး၊ ဂုဏ်ပွင့်နိုင် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းရှင် ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာတို့က စက်သုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား လယ်ယာမြေဧက ၃၇၀ အတွက် ဂါလန်ပေါင်း ၇၄၀ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

**ဖုန်ကန်(ပူတာအို)**



# မိတ္ထီလာခရိုင် လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၁**

မိတ္ထီလာခရိုင်၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်က ပန်းလေပြေဟိုတယ် ခန်းမ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေပြု MSME ဖွံ့ဖြိုးရေး၊ စက်မှုဇုန်နှင့် စက်ရုံအလုပ်ရုံများ၊ MSME လုပ်ငန်းများ ဆောင်ရွက်မှု လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိမှု လိုအပ်ချက်နှင့် အနာဂတ်အလားအလာ၊ ကျေးလက်နေလူမှုဘဝ အခြေအနေနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး၊ လက်ရှိမြေအသုံးချမှု၊ ရေရရှိမှုနှင့်ရာသီဥတု အခြေအနေ ပြောင်းလဲလာမှု၊ ခရိုင်၏ GDP လက်ရှိ အခြေအနေလုပ်ငန်းကဏ္ဍများအလိုက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူးများ)၊ ပါမောက္ခများ ပါဝင်သည့်အဖွဲ့ကိုးဖွဲ့မှအဖွဲ့ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။

**ချမ်းသာ(မိတ္ထီလာ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"မူးယစ်ဆေးဝါးနဲ့ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်း သူအဖွဲ့"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် **"ကိုယ်ကိုယ်တိုင်က တံတားဆောက် လမ်းဖောက်တာမျိုး မလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထ လမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့် အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေး နေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုင်းဖြတ်မြို့၌ စီမံကိန်း သုံးရွာမှ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူ ၁၅ ဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများပေးအပ်



**မိုင်းဖြတ် အောက်တိုဘာ ၂၁**

တာချီလိတ်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဖွင့်လှစ် ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ ဟိုနား(စောမွန်)ကျေးရွာ၊ နမ့်လောက်ကျေးရွာ၊ ပါလောင်းကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သည့် အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းအရ ဖွင့်လှစ်ခဲ့သည့် စီမံကိန်းကျေးရွာသုံးရွာမှ ကိုယ်ပိုင်လုပ်ငန်း ထူထောင်မည့် ထူးချွန်သင်တန်းသူ ၁၅ ဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက မိုင်းဖြတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သန့်လွင်စိုးက အမှာစကားပြောကြားပြီး မိုင်းဖြတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်မှူးချုပ် သန့်လွင်စိုးက နမ့်လောက်ကျေးရွာမှ ကိုယ်ပိုင်လုပ်ငန်း ထူထောင်မည့် ထူးချွန်သင်တန်းသူငါးဦးအားလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက ဟိုနား(စောမွန်)ကျေးရွာမှ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူငါးဦးအား လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးထွန်းရွှေက ပါလောင်းကျေးရွာမှ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူ ငါးဦးအား လည်းကောင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွေးဝင်းက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ် ပေးအပ်သည်။

မြင့်မိုရ်(တာချီလိတ်)

## ကန့်ဘလူမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ကန့်ဘလူ အောက်တိုဘာ ၂၁**

ကန့်ဘလူမြို့နယ်၌ ပင်စင်လာရောက်ထုတ်ယူသူ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကန့်ဘလူမြို့နယ် စီးပွားရေးဘဏ်ရုံး၌ ဆောင်ရွက်သည်။

